မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်နေ့၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၆၅)

နိုင်ငံတော် အစိုးရအနေဖြင့် မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဆင့်ဆင့်တွင် ဆေးဝါးကုသမှုဖြင့်ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးအရပြန်လည်ထူထောင်ပေးရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးလျက်ရှိ။

# နိုင်ငံတော်အစိုးရက မသန်စွမ်းသူများကို နိုင်ငံတော်၏ အင်အားတစ်ရပ်ဖြစ်သည်ဟု ခံယူထား အခြားသော နိုင်ငံသူ နိုင်ငံသားများနည်းတူ လူမှုအခွင့်အရေးများ တင်းပြည့်ကျပ်ပြည့် ရရှိခံစားနိုင်ရေး လူမှုဘဝ တိုးတက်မြင့်မားမှု အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်ရေး လေ့ကျင့်ပျိုးထောင် အပိုးတန်သည့် နိုင်ငံ့အကျိုးပြုစွမ်းအားစုတစ်ရပ် ဖြစ်လာစေရန် အဘက်ဘက်က ပြုစုစောင့်ရှောက်

**ရန်ကုန် ဒီဇင်ဘာ ၃**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့(International Day of Disabled Persons)အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရေးဗဟိုကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ထူးချွန် မသန်စွမ်းသူများ၊ အထူးဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို မသန်စွမ်းကလေးများ၏ ဖျော်ဖြေမှုများဖြင့် စတင်ဖွင့်လှစ်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

## မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

# ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုးကြီး ကမ္ဘာမြေပေါ်ကပျောက်ကွယ်သွားရေးကြိုးပမ်းနေ

အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်မှုကို ၁၉၈၁ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။ လွန်ခဲ့သည့်နှစ်ပေါင်း၂၀ခန့် အတွင်း၌ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့နှံ့ခဲ့သည်။ ၂၀၀၆ခုနှစ်အထိ ကမ္ဘာတစ်ဝန်းလုံးတွင် လူဦးရေ၃၉ ဒသမ၅သန်းခန့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကူးစက်မှု ခံစားနေရကြောင်း သိရသည်။ ကူးစက်ပျံ့နှံ့မှု အလွန်မြန်ဆန်သည့်အတွက် တစ်ကမ္ဘာလုံးတွင် ၂၀၀၆ခုနှစ် တစ်နှစ်တည်း၌ပင် လူဦးရေ၄ဒသမ ၃သန်းခန့် အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ခံခဲ့ရပြီး ၂ဒသမ၉သန်းခန့် အေအိုင်ဒီအက်စ်ရောဂါနှင့် သေဆုံးခဲ့ရကြောင်း သိရသည်။

အေအိုင်ဒီအက်စ်ရောဂါသည် နိုင်ငံအသီးသီး၏ ကျန်းမာရေးကိုသာမက လူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထိခိုက်လာပြီး ဆိုးရွားသည့်အခြေအနေများကို ဖြစ်ပေါ်စေလျက်ရှိရာ ကမ္ဘာ့နိုင်ငံအားလုံးက ရောဂါကာကွယ်တိုက်ဖျက်ရေး အလေးပေးဆောင်ရွက်နေကြရသည်။

မြန်မာနိုင်ငံအနေဖြင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများအပြင် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့၁၈ဖွဲ့၊ အပြည်ပြည်ဆိုင်ရာလူမှုရေးအသင်းအဖွဲ့ ၁၇ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံ အေအိုင်ဒီအက်စ် ရောဂါတားဆီးရေးစီမံချက်၊ မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွင်း အိပ်ချ်အိုင်ဗွီပိုးကူးစက်ပြန့်ပွားမှု တားဆီးရေးစီမံချက်နှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများကဆောင်ရွက်နေသည့် ဒေသဆိုင်ရာနှင့် ဗဟိုအဆင့်စီမံချက် လုပ်ငန်းများမှာပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အိပ်ချ်အိုင်ဗွီရောဂါပိုး ကူးစက်ပြန့်ပွားမှုသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစပြီး တဖြည်းဖြည်း လျော့နည်းလာခဲ့သည်။ အိပ်ချ်အိုင်ဗွီပိုး တွေ့ရှိနှုန်းသည် ၂၀၀၀ပြည့်နှစ်တွင် အရွယ်ရောက်သူလူဦးရေ၏ ၁ဒသမ၅ရာခိုင်နှုန်းရှိရာမှ ၂၀၀၆ခုနှစ်တွင်၁ဒသမ၃ရာခိုင်နှုန်းသို့ ကျဆင်းလာသည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းသို့ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလာခြင်းသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်မူဝါဒနှင့် ကူညီအားပေးမှု၊ အမျိုးသားကျန်းမာရေး စီမံကိန်းများ၏ မှန်ကန်ပြည့်စုံမှုနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ ဘက်စုံပူးပေါင်းပါဝင်ဆောင်ရွက်မှုများ၏ အကျိုးရလဒ်ကောင်းများကြောင့်ပင် ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသားများအကျိုး၊ ကမ္ဘာ့လူသားမျိုးနွယ်တစ်ရပ်လုံး၏အကျိုးကိုသာ ရှေးရှုပြီး ကမ္ဘာ့လူသားများကို အန္တရာယ်ပေးနေသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဆိုးကြီး မြန်မာ့မြေပေါ်ကသာမက ကမ္ဘာ့မြေပေါ်ကပါ ပျောက်ကွယ်သွားသည်အထိ နိုင်ငံတကာနှင့် ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားမည်သာ ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အိန္ဒိယစီးပွားရေး ကိုးရာခိုင်နှုန်း ဆက်လက်တိုးတက်ရန်မျှော်လင့်

နယူးဒေလီ ဒီဇင်ဘာ ၃

**အိန္ဒိယနိုင်ငံ၏ ၂၀၀၆–၂၀၀၇စီးပွားရေးတိုးတက်မှုသည် ၉ရာခိုင်နှုန်းအထိ တိုးတက်လာမည်ဟု မျှော်လင့်ထားကြောင်း၊ အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ဒုတိယသုံးလတွင် ထုတ်ကုန်များ ထုတ်လုပ်မှုအားကောင်းလာ၍ စီးပွားရေး တိုးတက်မှု ၉ဒသမ ၂ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ထိုကာလအတွင်း လယ်ယာကဏ္ဍများလည်း တိုးတက်လာခဲ့ကြောင်း ပီတီအိုင် သတင်းဌာနက ဖော်ပြသည်။**

### အမြင့်မားဆုံး

အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ် ဘဏ္ဍာရေးနှစ်ပထမခြောက်လတွင် ၉ ဒသမ ၁ ရာခိုင်နှုန်း တိုးလာကြောင်း၊ ဧပြီလမှ စက်တင်ဘာလအတွင်းစီးပွားရေးတိုးတက်မှုမှာ၁၉၉၁–၁၉၉၂ ဘဏ္ဍာရေးနှစ် နောက်ပိုင်း အမြင့်မားဆုံး တိုးတက်ခဲ့ကြောင်းလည်း အဆိုပါ သတင်းတွင် ဆက်လက်ဖော်ပြသည်။

### ဖော်ပြ

အိန္ဒိယနိုင်ငံ၏ ဂျီဒီပီသည် အာရှ၏ စတုတ္ထအကြီးမားဆုံး တိုးတက်မှုဖြစ်ပြီး ၂၀၀၅–၂၀၀၆ခုနှစ် ဘဏ္ဍာရေးနှစ် ဒုတိယသုံးလတာကာလအတွင်း ဂျီဒီပီ တိုးတက်မှု ၈ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ကြောင်း ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် လွန်ခဲ့သော ဘဏ္ဍာရေးနှစ် သုံးခုတွင် ပျမ်းမျှအားဖြင့် ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၂၀၀၇–၂၀၁၂တာ ကာလအတွင်း ၉ရာခိုင်နှုန်း ဆက်လက်တိုးတက်မှု ရရှိရန် အိန္ဒိယအစိုးရကရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အမ်အင်အေ၊ပီတီအိုင်**

## မော်စကိုမြို့အနီး၌ ဘိန်းဖြူကီလို၄၀ဖမ်းမိ

**မော်စကို ဒီဇင်ဘာ ၃**

မော်စကိုမြို့အနီး လူဘာစတီမြို့မှ ဘိန်းဖြူ ကီလို၄၀ကို ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေးတပ်ဖွဲ့ အရာရှိတစ်ဦးက နိုဝင်ဘာ ၃၀ရက်တွင်ပြောကြားသည်။

### ရှာဖွေတွေ့ရှိ

ကုန်ပစ္စည်းများတင်ဆောင်လာသည့် ထရပ်ကားတစ်စီးအား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့မှစစ်ဆေးစဉ် ဘိန်းဖြူကီလို၄၀အားရှာဖွေတွေ့ရှိခြင်းဖြစ်သည်။ ဘိန်းဖြူများအား အဆိုပါကားအတွင်း လျှပ်စစ်အပူပေးစက်များထည့်ထားသည့် သေတ္တာထဲ၌ပလတ်စတစ်အိတ်အထုပ် ၄၀ဖြင့်ထည့်ကာ သိမ်းဆည်း ယူဆောင်လာခြင်းဖြစ်သည်။

ရုရှား မူးယစ်ဆေးဝါး နှိမ်နင်းရေး ရဲတပ်ဖွဲ့သည် ယခုနှစ်ဇန်နဝါရီ ၁ရက်မှစ၍ ဘိန်းဖြူကီလို၁၉၀၀အပါအဝင် မူးယစ် ဆေးဝါးတန်၈၀အား ဖမ်းဆီးရမိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## တရုတ်မှ ဘတ်စ်ကားအစီး ၂၅၀ ဇင်ဘာဘွေသို့ တင်ပို့ပေးမည်

**ဟာရာရေး ဒီဇင်ဘာ ၃**

ဇင်ဘာဘွေနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးအခက်အခဲကို ဖြေရှင်းရန်အတွက် အကူအညီပေးသည့်အနေဖြင့် ဇင်ဘာဘွေနိုင်ငံသို့ ခရီးသည်တင် ဘတ်စ်ကားအစီး ၂၅၀ကို တရုတ်နိုင်ငံက တင်သွင်းပေးမည့် တင်ဒါ တစ်ခုကို တရုတ်ကုမ္ပဏီတစ်ခုအား ပေးခဲ့ကြောင်း ဇင်ဘာဘွေနိုင်ငံပိုင် နယူးဇီရာနာသတင်းစာက နိုဝင်ဘာ ၃၀ရက်၌ ဖော်ပြသည်။

### တင်ဒါပေးခဲ့

ဇင်ဘာဘွေနိုင်ငံ မြို့ပြဖွံ့ဖြိုးရေးဝန်ကြီး အီနာတပ်စ်ချမ်ဘိုက ပြောကြားရာတွင် တရုတ်ကုမ္ပဏီတစ်ခုသို့ ခရီးသည်တင်ဘတ်စ်ကားအစီး၂၅၀ကို ဇင်ဘာဘွေနိုင်ငံသို့ တင်သွင်းရန် မိမိတို့တင်ဒါပေးခဲ့ကြောင်း ပြောကြားသည်။

### လှူဒါန်း

တရုတ်နိုင်ငံအနေဖြင့် ခရစ္စမတ်ကာလမတိုင်မီ ဇင်ဘာဘွေနိုင်ငံသို့ ဘတ်စ်ကားခြောက်စီး လှူဒါန်းပေးအပ်ရန်လည်းရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

### မျှော်မှန်း

အဆိုပါ ဘတ်စ်ကား အစီး၂၅၀ကို ယခုနှစ်ကုန်တွင် စတင်ပေးအပ်နိုင်မည်ဟုမျှော်မှန်းထားကြောင်း ဇင်ဘာဘွေနိုင်ငံ ကျေးလက်ဒေသများတွင် သယ်ယူပို့ဆောင်ရေးအတွက် အဆင်ပြေစေရန် ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း၊ ဘတ်စ်ကားအားလုံးကို လာမည့်မတ်လ၌ အပြီးသတ်ပေးပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြဝတီရုပ်မြင်သံကြား

၄–၁၂–၂၀၀၆ (တနင်္လာနေ့)

### နံနက်ပိုင်း

| | |
|---|---|
| ၇း၀၀ | ၁။ မြဝတီအဖွင့် |
| ၇း၀၅ | ၂။ အဖွင့်သီချင်း |
| ၇း၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၆။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၄၅ | ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |

### ညပိုင်း

| | |
|---|---|
| ၄း၀၀ | ၁။ မြဝတီအဖွင့် |
| ၄း၀၅ | ၂။ အဖွင့်သီချင်း |
| ၄း၁၅ | ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၃၀ | ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း |
| ၄း၅၀ | ၅။ မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော် |
| ၅း၃၀ | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၉။ နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၀။ မိုးလေဝသသတင်း |
| ၆း၂၅ | ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၂။ လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လှို့ဝှက်ချက်”** (အပိုင်း–၃၉) |
| ၈း၀၀ | ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၆။ မေးမြန်းစူးစမ်း |
| | ၁၇။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရွှေမင်းသမီး”** (ဒုတိယတွဲ) (အပိုင်း–၃) |

## MRTV-4ရုပ်မြင်သံကြားအစီအစဉ်

၄–၁၂–၂၀၀၆ (တနင်္လာနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ဘုန်းတော်ထင်ရှား ရှင်တော်မဟာမုနိဘုရား |
| ၇း၁၅ | တေးဂီတအစီအစဉ် |
| ၇း၂၀ | ကျန်းမာခြင်းဆိုင်ရာ သိကောင်းစရာများ |
| ၇း၃၀ | တေးဂီတအစီအစဉ် |
| ၇း၃၅ | ထင်ရှားဖူးမြော် မွေတော်ကက္ကူစေတီတော် |
| ၇း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၀၀ | ဉာဏ်ရည်မြင့်မား မျိုးဆက်သစ်လူငယ်များ |
| ၈း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ | ဆံတော်ရှင်ကျိုက်ထီးရိုး ဘုရားဖူးခရီးသွားမှတ်တမ်း (အပိုင်း–၁) |
| ၈း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၄၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉း၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၁၀ | အရုဏ်ဦး၏အလှများ |
| ၉း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ | ပြည်တွင်းအနုပညာရေးရာ |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၁၅ | နိကာယ်ငါးရပ်ပိဋကတ် မြန်မာပြန်တရားတော်များ သင်တန်း |
| ၁၀း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၁၁း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၀၅ | စွယ်တော်လေးဆူဆုပန်ယူ |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | စွဲမက်စရာ မြန်မာ့ရှုခြင်းပညာ |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၂၄ | Man City-Watford | 5-Sports(Live) |

# ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးဗဟိုဦးစီးကော်မတီ ဒုတိယအကြိမ်စည်းဝေး

# လုပ်ငန်းများ မိုးမကျမီပြီးစီးအောင် စီစဉ်ဆောင်ရွက်ရေးဆွေးနွေး

# စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေစင်ရွှေပြားများ လုံခြုံရေးဂရုပြုစီမံ

ရန်ကုန် ဒီဇင်ဘာ ၃

**ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါ စေတီတော်မြတ်ကြီး၏ ဓမ္မာရုံသစ်၌ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပုဇွန်တောင်မြို့နယ်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။**



### တက်ရောက်

အစည်းအဝေးသို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ အတွင်းရေးမှူးနှင့် ဦးစီးကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာအစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ယနေ့ကျင်းပသည့် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် သက်ဆိုင်ရာဆပ်ကော်မတီများက မိမိတို့ ဆပ်ကော်မတီအလိုက် ဖွဲ့စည်းထားရှိမှုနှင့် ဆောင်ရွက်ရမည့် လုပ်ငန်း တာဝန်များကို ဆွေးနွေးတင်ပြကြရန်၊ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းများကို မိုးမကျမီပြီးစီးအောင် စီစဉ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေစင်ရွှေပြားများစသည်တို့၏ လုံခြုံရေးကိုလည်း ဂရုပြုစီမံရန် လိုအပ်ကြောင်း၊ စေတီတော်ကြီးအတွက် ကိုးလက်မပတ်လည် ရွှေစင်ရွှေပြား အချပ်၅၀ကို စေတီတော်ကြီး၏ ဘက်စုံရန်ပုံငွေမှ ပြုလုပ်သုံးစွဲရန်နှင့် ကျန်ရွှေစင်ရွှေပြားများကို အလှူရှင်များထံမှ အလှူခံရသလောက် အရေအတွက်ကို ကပ်လှူသွားရန်ဖြစ်ကြောင်း၊ ထို့အပြင် စေတနာရှင်ပြည်သူများက ရွှေစင်ရွှေပြားများ ကိုယ်တိုင် ဆက်ကပ်လှူဒါန်းလိုပါကလည်း လှူဒါန်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် လိုကြောင်းဖြင့် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုဦးစီးကော်မတီ အတွင်းရေးမှူးက ရွှေစင်ရွှေပြားကပ်လှူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး တင်ပြကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

### လှူဒါန်းနိုင်

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင် တည်ဆောက်ရေးလုပ်ငန်းများအတွက် ကုသိုလ်ရှင် ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ဦးခင်မောင်ဌေး ညွှန်ကြားရေးမှူးချုပ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖုန်း–၀၁–၅၃၅၅၅၃၊ ၅၃၅၈၀၀၊ ဗိုလ်မှူးကြီးအောင်မျိုးမြင့် ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖုန်း–၀၁–၅၃၇၉၄၉၊ ၅၃၅၉၇၃နှင့် ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ ပုဇွန်တောင်မြို့နယ် ဖုန်း–၀၁–၂၉၀၄၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

## ဘက်စုံမွမ်းမံရေး စည်းဝေး

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးကျင်းပစဉ်။

(သတင်းစဉ်)

# ပဲခူးမြို့ရှိစေတီပုထိုးများနှင့်ရွှေတိဂုံစေတီတော်မြတ်ကြီးအား

# အမျိုးသားညီလာခံကိုယ်စားလှယ်များ ဖူးမြော်ကြည်ညို

# ကမ္ဘောဇသာဒီရွှေနန်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့သို့ သွားရောက်ကြပြီး ရွှေမော်ဓောစေတီတော်၊ ဟင်္သာကုန်းစေတီတော်၊စွယ်တော်ရှင် ဆံတော်ရှင် စူဠာမုနိစေတီတော်၊ မြတ်ဗုဒ္ဓ၏ ဆံတော်နှင့် ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်တို့အား ဖူးမြော်ကြည်ညိုကြပြီး ဘုရင့်နောင် မင်းတရားကြီး၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် နံနက်၇နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ရွှေမော်ဓောစေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အရုဏ်ခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြပြီး ဆီမီး၊ ပန်း၊ ရေချမ်းနှင့် နံ့သာတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရွှေမော်ဓောစေတီတော်အား လက်ယာရစ်လှည့်လည်ဖူးမြော် ကြည်ညိုကြပြီး ဓမ္မာရုံတော်ကြီး၌ အလှည့်ကျ စေတီတော်ဂေါပကအဖွဲ့မှူးဦးငွေရှိန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရွှေမော်ဓောစေတီတော်အကြောင်း သိကောင်းစရာများကို ရှင်းလင်း ပြောကြားသည်။ **(အပေါ်ပုံ)**

### စုပေါင်းလှူဒါန်း

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များက စုပေါင်းလှူဒါန်းငွေများကို ပေးအပ် လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဂေါပကအဖွဲ့က နံနက်စာဖြင့် ဧည့်ခံကျွေးမွေးသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဘုရင့်နောင် မင်းတရားကြီး၏ ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ခင်က ဘုရင့်နောင်မင်းတရားကြီး၏ ဟံသာဝတီ နေပြည်တော်ပန္နက်ပုံစံ၊ လက်ဝဲနော်ရထာ၏ မှတ်တမ်းနှင့် သုတေသနပြု တူးဖော်ပုံတို့ကို ရှင်းလင်း တင်ပြသည်။

### ကြည့်ရှုလေ့လာ

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ကမ္ဘောဇသာဒီ ရွှေနန်းတော်၊ ပဲခူးမြို့ ရှေးဟောင်း သုတေသနပြတိုက်နှင့် အမရာသနပလ္လင်တော်ဆောင်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ရှေးဟောင်း သုတေသနဦးစီးဌာနမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဟင်္သာကုန်း စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး စေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးကောက်က စေတီတော်သမိုင်းနှင့် သိကောင်းစရာများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စုပေါင်း လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာကိုပြန်လည် ပေးအပ်သည်။

### ကြည်ညိုကန်တော့

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဟင်္သာကုန်း စေတီတော်အား လှည့်လည်ဖူးမြော် ကြည်ညိုကန်တော့ကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စွယ်တော်ရှင် ဆံတော်ရှင်စူဠာမုနိစေတီတော်ကို သွားရောက်ဖူးမြော် ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင် ဦးတင်ငွေက စေတီတော် နောက်ခံသမိုင်းနှင့် ဘက်စုံပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို ရှင်းလင်း ပြောကြားသည်။

### ဖူးမြော်ကြည်ညို

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် စူဠာမုနိစေတီတော် ဌာပနာတိုက်အတွင်း၌ ဆင်ပျံ ရတနာရုပ်တုနှင့်တွဲလျက် ဌာပနာပြုပူဇော်ထားသော ဗုဒ္ဓ၏ မြတ်ဆံတော်အား ဖူးမြော်ကြည်ညို ကန်တော့ကြသည်။

ဗုဒ္ဓ၏ မြတ်ဆံတော်ကို အများပြည်သူတို့ ဖူးမြော်နိုင်ရန် တနင်္ဂနွေနေ့တိုင်း အပူဇော်ခံထားရှိကြောင်း သိရှိရသည်။

စူဠာမုနိစေတီတော် ဘက်စုံပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စေတီတော် ရွှေထီးတော်တင်လှူပွဲကို ၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁၁ရက်မှ ၁၅ရက် (၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်မှ မတ်၂ရက်)အထိ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ဘုံဆင့်ကိုးဆင့်အတွက် ထီးတော်များ တင်လှူသွားမည်ဖြစ်ကာ ရွှေသင်္ကန်းကပ်လှူ ပူဇော်လိုသူများ၊ စောင်းတန်းအတွက် လှူဒါန်းလိုသူများ အနေဖြင့် စေတီတော်ဘက်စုံ ပြန်လည်တည်ဆောက်ရေးအဖွဲ့ ဖုန်း ၀၅၂–၂၄၃၂၂သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

### ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည်ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်အား သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ဆီမီး၊ ပန်း၊ ရေချမ်းနှင့် နံ့သာတို့ကို ဆက်ကပ် လှူဒါန်းကြကာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ စုပေါင်းလှူဒါန်းငွေများကို ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးထွန်းမြင့်ထံ ပေးအပ် လှူဒါန်းကြရာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်အား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာများကို ဆက်ကပ်လှူဒါန်းကြသည်။

### ဝတ်ပြုဆုတောင်း

ထို့အတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည်လည်း ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းအမှတ်(၂)ရပ်ကွက် ဦးရေခဲလမ်းရှိ ‘ဝ’နှစ်ခြင်း ခရစ်ယာန် အသင်းတော်သို့သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။

**(သတင်းစဉ်)**



## သာယာမည်

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။**

# လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပပေးခြင်းသည် ဒီမိုကရေစီကျသည့် လူ့အဖွဲ့အစည်းတစ်ရပ်ထူထောင်ခြင်းအတွက် အဓိကမဏ္ဍိုင်ဖြစ်




ရန်ကုန် ဒီဇင်ဘာ ၃

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြသော ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့၏ အကြံပြုချက်စာတမ်းမှ ရွေးကောက်တင်မြှောက်ခြင်းအခန်းနှင့် နိုင်ငံရေးပါတီများအခန်းတို့နှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–**



**ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ၏ အကြံပြုချက် စာတမ်းကို မင်္ဂလာဒုံမြို့နယ် အမှတ်(၁) ရွေးချယ်ခံ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးကြည်ဝင်း ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကော်မရှင်နှင့် ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအားလုံးကို အထူးပင်လေးစားပါကြောင်း ပဏာမပြောကြားလိုပါတယ်။

ကျွန်တော်ကတော့ အမျိုးသားညီလာခံရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရွေးချယ်ခံ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးကြည်ဝင်း ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ ပါဝင်မယ့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနဲ့ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့နဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်အပေါ် ကျွန်တော်နဲ့အတူ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့ရဲ့ အကြံပြုချက်စာတမ်းကို တင်ပြခွင့်ရတဲ့အတွက် အထူးပဲ ဝမ်းမြောက်ပါကြောင်း ပဏာမပြောကြားလိုပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့ စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းချက်အပေါ် ကျွန်တော်တို့၏ အကြံပြုချက်စာတမ်းကို ကျွန်တော်မှ ဦးစွာ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပေးခြင်းသည် ဒီမိုကရေစီကျသည့် လူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်ခြင်းအတွက် အဓိကမဏ္ဍိုင်တစ်ခုပင်ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ် တစ်ခုမှာ အစိုးရအဖွဲ့၏ အာဏာသည် အုပ်ချုပ်ခံ ပြည်သူလူထု၏ သဘောတူညီချက်ဖြင့်သာလျှင် ရရှိကြပါတယ်။ ထိုသဘောတူညီချက်ကို နိုင်ငံတော်၏ တည်ဆဲဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ အစိုးရ၏အာဏာအဖြစ် ပြောင်းလဲပေးနိုင်သော အချင်းအရာများမှာ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပပေးခြင်းပင် ဖြစ်ပါတယ်။ ဤနည်းဖြင့် ပြည်သူလူထု၏ ကိုယ်စားပြု ဒီမိုကရေစီကျသော အစိုးရတစ်ရပ် ပေါ်ပေါက်စေမှာ ဖြစ်ပါတယ်။ ပြည်သူတို့ကလည်း ၎င်းတို့၏ မဲဆန္ဒပေးပိုင်ခွင့်ကို တန်ဖိုးထား၍ မှန်ကန်စွာ သုံးစွဲတတ်ဖို့လိုပါတယ်။ အသည်းကြားက မဲတစ်ပြားလို့ ခံစားချက်ဖြင့် မဲပေးခြင်းထက် အသိဉာဏ်နှင့် ဆင်ခြင်တုံတရားတို့ဖြင့် မဲပေးခြင်းက ပို၍ တိုင်းပြည်အတွက် တန်ဖိုးရှိမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရွေးကောက်ပွဲများ ပုံမှန်ကျင်းပပေးခြင်းဖြင့် တာဝန်သိ၍ ဝတ္တရားကျေပွန်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များကို နောက်တစ်ကြိမ် ထပ်မံရွေးကောက်နိုင်ပြီး တာဝန်မဲ့၍ ဝတ္တရားပျက်ကွက်သော လွှတ်တော်ကိုယ်စားလှယ်များကို မဲမပေးခြင်းဖြင့် ဖယ်ရှားနိုင်သော အခွင့်အရေးတစ်ခုလည်း ဖြစ်ပါတယ်။ ခေတ်မီသော ဒီမိုကရေစီတိုင်းမှာ ရွေးကောက်ပွဲများ ကျင်းပကြသည်ဆိုသော်လည်း ရွေးကောက်ပွဲတိုင်းကတော့ ဒီမိုကရေစီကျသည်ဟု မဆိုနိုင်ပါ။ လက်ဝဲစနစ်ကို ကျင့်သုံးသော လက်ဝဲအုပ်ချုပ်ရေးနှင့် တစ်ပါတီစနစ်ကို ကျင့်သုံးသော အစိုးရများသည် ရွေးကောက်ပွဲများကို ကျင်းပကြပြီး သူတို့၏အုပ်ချုပ်မှုကို တရားဝင်အဖြစ် ပြုလုပ်တတ်ကြပါတယ်။ ထိုသို့သော ရွေးကောက်ပွဲများမှာ ကိုယ်စားလှယ်လောင်း တစ်ဦး သို့မဟုတ် ကိုယ်စားလှယ်လောင်းများ၏ စာရင်းပါရှိပြီး တခြားယှဉ်ပြိုင်ရွေးချယ်စရာ ကိုယ်စားလှယ်လောင်း မပါရှိပါ။ ဤသို့ဖြင့် အစိုးရ သို့မဟုတ် ပါတီက သဘောတူထားသော ကိုယ်စားလှယ်လောင်း အရွေးချယ်ခံရရန် ပြုလုပ်တတ်ကြပါတယ်။ ဒီမိုကရေစီကျသော ရွေးကောက်ပွဲများဆိုသည်မှာ ပါတီပေါင်းစုံ အပြိုင်အဆိုင်ရှိရပါမည်။ လွတ်လပ်၍ တရားမျှတသော စည်းရုံးလှုပ်ရှားနိုင်ခွင့် ရှိရပါမယ်။ အရွယ်ရောက်ပြီး မဲပေးပိုင်ခွင့်ရှိသူတိုင်း ပါဝင်မဲပေးရွေးချယ်ခွင့် ရှိရပါမယ်။ ရွေးကောက်ပွဲစည်းမျဉ်းဥပဒေနှင့် လုပ်ဆောင်ချက်တို့ဟာ တရားမျှတရပါမယ်။ ဒီမိုကရေစီကျသော ရွေးကောက်ပွဲများကိုလည်း အချိန်အခါအလျောက် ကျင်းပပေးခြင်းများ ရှိရမည်ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဒီမိုကရေစီနိုင်ငံများရှိ ရွေးကောက်ပွဲ ယှဉ်ပြိုင်ဘက်အားလုံးသည် ဒီမိုကရေစီ အခြေခံကျသော ခံယူချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို လိုက်နာကျင့်သုံးရန် တာဝန်ရှိပါတယ်။ နိုင်ငံရေးတွင် ယှဉ်ပြိုင်သူအားလုံးသည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်မြတ်နိုးရန် မလိုသော်လည်း တစ်ဦးကိုတစ်ဦး နားလည်ခွင့်လွှတ်ပြီး ပြိုင်ဘက်များသည် တိုင်းပြည်အတွက် အရေးကြီးသောတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် တရားဝင်ယှဉ်ပြိုင်နေသူများဖြစ်သည်ဆိုတဲ့ အချက်ကို လက်ခံဖို့လိုအပ်လှပါတယ်။ ရွေးကောက်ပွဲ ပြီးသွားသောအခါ၌လည်း ရှုံးနိမ့်သွားသူများက မဲဆန္ဒရှင်များ၏ အဆုံးအဖြတ်ကို ကျေကျေနပ်နပ် လက်ခံကြရပါမယ်။ ပြည်သူတို့က ရွေးချယ်ပေးလိုက်သည့် အနိုင်ရပြည်သူ့ကိုယ်စားလှယ်များသည်လည်း ပြည်သူတို့ခံစားဘိသကဲ့သို့ ခံစားတတ်ရပါမယ်။ ပြည်သူတို့ တွေးခေါ်သကဲ့သို့ တွေးခေါ်တတ်ရပါမည်။ ဒါမှ ပြည်သူ့ဘဝနဲ့တစ်ထပ်တည်း ဖြစ်နေမှာဖြစ်သကဲ့သို့ ပြည်သူ့ဆန္ဒများကိုလည်း သိရှိနေမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ နိုင်ငံတိုင်းမှာ နိုင်ငံသားတိုင်းဟာ မိမိတို့ကို ကိုယ်စားပြုတဲ့ ပြည်သူ့ကိုယ်စားလှယ်များကို ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် နိုင်ငံသားတိုင်းဟာ ဥပဒေနဲ့အညီ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိရမှာဖြစ်ပါတယ်။ မိမိတို့ကို ကိုယ်စားပြုတဲ့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခွင့်ဟာ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားအားလုံးနဲ့ အကျုံးဝင်ပါတယ်။ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများရဲ့ အသက်ကို ၁၈ နှစ်ပြည့်ပြီးသူများ ဖြစ်ရမယ်လို့ သတ်မှတ်သင့်ပါတယ်။ ဒီအရွယ်ဟာ အသိဉာဏ် ဗဟုသုတရှိပြီး အမှားအမှန်ကို ခွဲခြားနိုင်စွမ်းရှိတဲ့ အရွယ်ဖြစ်ပါတယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားတိုင်းဟာ ကျား၊မ မရွေး၊ ပညာရေး၊ စီးပွားရေး၊ အရည်အချင်း၊ ကန့်သတ်၊ ချုပ်ချယ်ခြင်းမရှိဘဲ လွတ်လပ်စွာ မဲပေးပိုင်ခွင့် ရှိသင့်ပါတယ်။

ဒါကြောင့် ဆန္ဒမဲပေးပိုင်ခွင့်နဲ့စပ်လျဉ်းပြီး–

**“ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်၌ အသက်၁၈နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက ချမှတ်ပြီးတဲ့ အသေးစိတ်အခြေခံရမယ့်မူများအရ အောက်ပါ လွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ဖို့ရှိမှာဖြစ်ပါတယ်။

**(က) အမျိုးသားလွှတ်တော်၊**

**(ခ) ပြည်သူ့လွှတ်တော်နဲ့**

**(ဂ) တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော်များ ဖြစ်ပါတယ်။**

ဖော်ပြပါ လွှတ်တော်များအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများဟာ ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်မှာ လွှတ်တော်တစ်ရပ်စီအတွက်သာ ဆန္ဒမဲတစ်မဲပေးပိုင်ခွင့် ပြုသင့်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် နိုင်ငံတော်ရှိ လူဦးရေ စုစုပေါင်း၏ ဝဒသမခရာခိုင်နှုန်းနှင့်အထက်ရှိတဲ့ တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့် ရှိသင့်ပါတယ်။ ဒါဟာ တိုင်းရင်းသားလူနည်းစု အခွင့်အရေးကို လေးစားအသိအမှတ်ပြုခြင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပြလို၍ဖြစ်သောကြောင့် ကျွန်တော်တို့ မှဒိတာပွားနိုင်ပါတယ်။

ဒါ့ကြောင့် လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းနှင့် စပ်လျဉ်းပြီး–

**“(က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။**

**(ခ) ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာတိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသား လူမျိုး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လွတ်လပ်စွာ မဲပေးရန်နှင့် ခြိမ်းခြောက်ခံရမယ့် အခွင့်အလမ်း လျော့ပါးစေရန်မှာ ဒီမိုကရေစီစနစ်တွင် မဲဆန္ဒရှင်တို့သည် လျှို့ဝှက်စွာ ဆန္ဒမဲပေးပိုင်ခွင့် ရှိရပါမယ်။ တစ်ချိန်တည်းမှာပဲ မဲရုံနဲ့မဲပုံးကို လုံခြုံစိတ်ချစွာ ကာကွယ်ပေးခြင်းနှင့် မဲရေတွက်ခြင်းကို လူထုရှေ့မှောက်မှာ ရေတွက်ကြရပါတယ်။ ဒါမှသာ ပြည်သူလူထု၏ သဘောတူညီချက်ကို ရရှိသော အစိုးရတစ်ရပ်ဖြစ်ကြောင်း စိတ်ချယုံကြည်ကြမည်ဖြစ်ပါတယ်။

ဒါကြောင့် ဆန္ဒမဲပေးခြင်းနဲ့ စပ်လျဉ်းပြီး–

**“လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံးအား မိမိတို့ကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခွင့် ဆန္ဒမဲပေးစေသင့်သော်လည်း အောက်ပါ ပုဂ္ဂိုလ်များအား ဆန္ဒမဲ ပေးခွင့် မပြုသင့်ပါ။

၎င်းတို့မှာ–

**“(က) သာသနာ့ဝန်ထမ်းများ၊**

**(ခ) ထောင်ဒဏ်ကျခံနေရသူများ၊**

**(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်း ခံရသူများ၊**

**(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူများ၊**

**(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်း ခံရသူများ”**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန်သင့်လျော်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြတဲ့ ကိုယ်စားလှယ်လောင်းများသည် မိမိတို့ ရွေးကောက်ခံရရေးအတွက် မဲဆန္ဒနယ် တစ်နယ်ထက် ကျော်လွန်၍ ထပ်မံယှဉ်ပြိုင်ခြင်းမျိုး မပြုလုပ်သင့်ဘဲ သက်ဆိုင်ရာမဲဆန္ဒရှင်များ အကျိုးကို သယ်ပိုးနိုင်ရန် မူလက ရည်ရွယ်ဦးတည်ထားတဲ့ မဲဆန္ဒနယ် တစ်နယ်လွှတ်တော် တစ်ရပ်တွင်သာ ပါဝင်ယှဉ်ပြိုင်သင့်ပါတယ်။

ဒါကြောင့်–

“လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင်–

**(က) လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။**

**(ခ) မဲဆန္ဒနယ် တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက် ခံနိုင်ရန် ယှဉ်ပြိုင်ခွင့်ရှိသည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုနယ်မြေအတွင်း နေထိုင်ကြတဲ့ မဲဆန္ဒရှင်များဟာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ကြရတော့မှာ ဖြစ်ပါတယ်။ အဘယ့်ကြောင့်ဆိုသော် ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်သမ္မတက တိုက်ရိုက် အုပ်ချုပ်သွားမှာ ဖြစ်ပြီး လိုအပ်တဲ့ဥပဒေများကိုလည်း ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးသွားမှာဖြစ်လို့ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုနယ်မြေများမှာ ရှိတဲ့ မဲဆန္ဒရှင်များဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် လိုတော့မည် မဟုတ်ပါ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ် သို့မဟုတ် နယ်မြေတစ်ခုခုမှာ လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပြီးနောက်ပိုင်း နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့နှင့် စပ်လျဉ်းပြီး ထူးခြားတဲ့ အခြေအနေအရ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပြီး ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်လိုက်တဲ့အခါ အဲဒီနယ်မြေဟာ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက် ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ နယ်မြေတစ်ခုခုမှ ရွေးကောက်တင်မြှောက်ထားတဲ့ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်းမရှိလျှင် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်နိုင်ခွင့် မရှိသင့်တော့ပါ။

ဒါကြောင့် ပြည်ထောင်စု နယ်မြေများအတွက် ရွေးကောက်တင်မြှောက်ခြင်းနဲ့စပ်လျဉ်းပြီး–

**“(က) ပြည်ထောင်စုနယ်မြေ သို့မဟုတ် ပြည်ထောင်စု လွှတ်တော် က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ထားသော ပြည်ထောင်စု နယ်မြေများ အတွင်း မှီတင်းနေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုသာ ရွေးကောက် တင်မြှောက်ခွင့်ရှိသည်။**

**(ခ) ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပြည်ထောင်စု နယ်မြေအဖြစ်သတ်မှတ်လိုက်သော နယ်မြေတစ်ခုခုမှ ရွေးကောက်တင်မြှောက်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်သည် ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်း မရှိလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည် ပိုင်ခွင့်မရှိစေရ”**

လို့အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိစေသင့်ပါတယ်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

**စာမျက်နှာ ၄ မှ**

**ဒါကြောင့်–**

နိုင်ငံသားတိုင်း ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နဲ့စပ်လျဉ်းပြီး–

**"ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရသော် လည်းကောင်း အရည်အချင်းပျက်သူ မဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"**

လို့အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်တဲ့ မဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည် ရုပ်သိမ်းခွင့်ရှိစေသင့်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခဲ့လျှင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင်လည်းကောင်း၊ ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်နိုင်လျှင်သော်လည်းကောင်း၊ အကျင့်သိက္ခာ ပျက်ပြားလျှင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ထားတဲ့ သက်ဆိုင်ရာကိုယ်စားလှယ်နဲ့ ပတ်သက်တဲ့ အရည်အချင်းပျက်ယွင်းလျှင် မဲဆန္ဒရှင် ပြည်သူများက မိမိတို့ရွေးကောက်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့် ပြုသင့်ပါတယ်။ ယင်းသို့ရုပ်သိမ်းလိုကြောင်း တင်ပြရမယ့် မဲဆန္ဒရှင်ဦးရေကိုလည်း မူလမဲဆန္ဒရှင်ဦးရေအနက် အနည်းဆုံး တစ်ရာခိုင်နှုန်း သတ်မှတ်ထားသင့်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုတဲ့ မဲဆန္ဒရှင်များဟာ လွှတ်တော်ကိုယ်စားလှယ်နဲ့ ပတ်သက်တဲ့ တိုင်တန်းချက်ကို ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြသင့်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်က ဥပဒေနဲ့အညီစုံစမ်းစစ်ဆေးပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကိုလည်း မိမိကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ချေပခွင့် ပေးသင့်ပါတယ်။

**ဒါကြောင့်–**

**"(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်–**

**(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊**

**(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊**

**(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊**

**(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်း ပျက်ယွင်းခြင်း၊**

**(၅) ပေးအပ်သောတာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း၊**

**(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည် ရုပ်သိမ်းလိုသော လွှတ်တော် ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။**

**(ဂ) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးရမည်၊**

**(ဃ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း ချေပခွင့်ပေးရမည်၊**

**(င) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူသည် လွှတ်တော်ကိုယ်စားလှယ် အဖြစ် ဆက်လက် ထမ်းရွက်စေရန် မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဒီမိုကရေစီရဲ့ နောက်ထပ်အရေးကြီးသော လုပ်ဆောင်ချက်တစ်ခုမှာ ရွေးကောက်ပွဲကျင်းပပေးသည့် နည်းစနစ်ပင် ဖြစ်ပါတယ်။ ယခုအခါ မိမိတို့ ကျင့်သုံးလျက်ရှိတဲ့ မဲဆန္ဒနယ်တစ်နယ်စီမှ ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်တဲ့စနစ်နဲ့ ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးကောက် တင်မြှောက်နိုင်သော မဲဆန္ဒနယ်ကို ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပြီး ရရှိသည့် ထောက်ခံမဲအပေါ် မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ကို အချိုးကျ သတ်မှတ်ပေးတဲ့ စနစ်တစ်ခုတို့အနက် မိမိတို့ တိုင်းပြည်နဲ့ သင့်လျော်ရာစနစ်ကို ကျင့်သုံးနေကြပါတယ်။ စနစ်တစ်ခုမှ တစ်ခုသို့ ပြောင်းပြီး ကျင့်သုံးမယ်ဆိုရင် လွယ်ကူစေရန်အတွက် ပြည်ထောင်စုလွှတ်တော်၏ဆုံးဖြတ်ချက်နဲ့အညီ လိုအပ်တဲ့ ဥပဒေများကို ပြဋ္ဌာန်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် ရွေးကောက်တင်မြှောက်ခြင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းတို့နဲ့ စပ်လျဉ်းပြီး–

**"ပြည်ထောင်စု လွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်း ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ လည်းကောင်း လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ပေးနိုင်ရေးအတွက်သော်လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းပြီး ပြဋ္ဌာန်းထားတဲ့ ဥပဒေများကို အကောင်အထည်ဖော်ပေးနိုင်ရေးအတွက်သော် လည်းကောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးဖို့ လိုအပ်ပါတယ်။ မိမိတို့နိုင်ငံတွင်လည်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမှာဖြစ်လို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အသီးသီးအတွက် ရွေးကောက်ပွဲများကို အခါအားလျော်စွာ ကျင်းပပေးရမှာဖြစ်လို့ ရွေးကောက်ပွဲလုပ်ငန်းများကို စဉ်ဆက်မပျက် တာဝန်ယူဆောင်ရွက်နေရမှာ ဖြစ်ပါတယ်။ ၎င်းအပြင် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းကြီးကြပ်စေခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ မဲစာရင်းများပြုစုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရမှာဖြစ်လို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို အမြဲတမ်းဖွဲ့စည်းထားပြီး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို ဥပဒေနဲ့အညီ ခန့်အပ်တာဝန်ပေးသင့်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဟာ ရွေးကောက်ပွဲ ကန့်ကွက်လွှာများကိုလည်း စစ်ဆေးဆုံးဖြတ်သင့်ပါတယ်။

ဒါ့အပြင် နိုင်ငံရေးပါတီများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်၍ ထိန်းသိမ်းပေးသင့်ပါတယ်။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြည်ထောင်စုဝန်ကြီးများခန့်ထားခြင်းနဲ့စပ်လျဉ်းတဲ့ပြဋ္ဌာန်းချက်များပါ နည်းလမ်းများအတိုင်း ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အနည်းဆုံး ငါးဦးခန့်အပ်တာဝန်ပေးသင့်ပါတယ်။ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များဟာ လုံခြုံရေးအမြင်၊ နိုင်ငံရေးအမြင်၊ ဥပဒေအမြင်၊ အုပ်ချုပ်ရေးအမြင် ရှိသူများဖြစ်ပြီး အတွေ့အကြုံရင့်ကျက်တဲ့ ပုဂ္ဂိုလ်များဖြစ်သင့်ပါတယ်။ အသက်အရွယ်အားဖြင့် အနည်းဆုံး (၅၀)နှစ်ခန့် ဖြစ်သင့်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူများလည်း ဖြစ်ရပါမယ်။ နိုင်ငံရေးပါတီဝင်များလည်း မဖြစ်သင့်ပါ။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးလည်း မဖြစ်သင့်ပါ။ ကော်မရှင်တာဝန်မှအပ အခြား လစာ ရိက္ခာရယူသည့် လုပ်ငန်းများကိုလည်း မလုပ်သင့်ပါ။

ဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ်တွေကို တစ်မြို့နယ် (၂)ဦးကျစီနှင့် တိုင်းရင်းသားမျိုးနွယ်စုများအတွက်လည်း မိမိတို့ မျိုးနွယ်စုအလိုက် ကိုယ်စားပြုမယ့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ခွင့်ရကြမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အဲဒီရွေးကောက်ပွဲအသီးသီးကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်စေရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ကော်မရှင်ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပြီး ကြီးကြပ်စေခြင်း၊ မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းတို့အပြင် ဥပဒေအရ မဲဆန္ဒပေးပိုင်ခွင့်ရှိသူများကို မဲစာရင်းများပြုလုပ်၍ ဆန္ဒမဲပေးနိုင်အောင် ဥပဒေနဲ့အညီ ဆောင်ရွက်ပေးနိုင်ဖို့ ရွေးကောက်ပွဲကော်မရှင်ကို တာဝန်ပေးသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော် လည်းကောင်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ များ ကျင်းပနိုင်ခြင်း မရှိသည့် မဲဆန္ဒနယ်များ၌ ရွေးကောက်ပွဲများ ရွှေ့ဆိုင်းခြင်း တာဝန်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပေးအပ်ထားသင့်ပါတယ်။ ရွေးကောက်ပွဲများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်း၍ လည်းကောင်း လိုအပ်တဲ့ ဥပဒေများကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးမှာ ဖြစ်ပါတယ်။ အဲဒီပြဋ္ဌာန်းချက် ဥပဒေမူဘောင်အတွင်းမှ ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ ထုတ်ပြန်ခွင့်တာဝန်ကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပေးအပ်ထားသင့်ပါတယ်။

## ဒီမိုကရေစီစနစ်တစ်ခုမှာ အစိုးရအဖွဲ့၏ အာဏာသည် အုပ်ချုပ်ခံ ပြည်သူလူထု၏ သဘောတူညီချက်ဖြင့်သာလျှင် ရရှိကြ

ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး–

**"(က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းရမည်၊ ယင်းသို့ ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် အနည်းဆုံး ငါးဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။**

**(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည်–**

**(၁) အသက်(၅၀)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်၊**

**(၂) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။**

**(၃) (ကက) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော် တရားသူကြီးအဖြစ် ဖြစ်စေ၊ အလားတူ ရာထူးတာဝန်တစ်ခုခုတွင် ဖြစ်စေ အနည်းဆုံး (၅)နှစ် ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ်**

**(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းရာထူးတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ်**

**(ဂဂ) တရားလွှတ်တော်ရှေ့နေ (Advocate)အဖြစ် အနည်းဆုံး (၂၀)နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူဖြစ်ရမည်။ သို့မဟုတ်**

**(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ ဖြစ်ရမည်။**

**(၄) သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူဖြစ်ရမည်၊**

**(၅) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်။**

**(၆) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်။**

**(၇) နိုင်ငံရေးပါတီဝင်မဟုတ်သူ ဖြစ်ရမည်။**

**(၈) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်၊**

**(၉) လစာ၊စရိတ်၊ကြေးငွေရသော အခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်းမပြုသူ ဖြစ်ရမည်။"**

လို့ အသေးစိတ်အခြေခံရမယ့် မူချမှတ်ရန်သင့်လျော်ပါကြောင်း တင်ပြအပ်တယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒရှင် ပြည်သူများက ရွေးကောက်တင်မြှောက်ကြရမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်အတွက် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီက လွှတ်တော်ကိုယ်စားလှယ် (၁၂) ဦးကျစီ ရွေးကောက်တင်မြှောက်ကြရမှာ ဖြစ်သလို ပြည်သူ့လွှတ်တော်အတွက်ဆိုလျှင်လည်း နိုင်ငံတော်တစ်ဝန်းလုံးမှာ လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၃၃၀)ဦးကို မြို့နယ်အနေအထားပေါ် မူတည်၍လည်းကောင်း၊ လူဦးရေအလိုက်သော်လည်းကောင်း ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ကြရမှာ

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က တိကျပြတ်သားစွာ ဥပဒေအရ ကြီးကြပ်ပေးသော်ငြားလည်း ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများမှ ရှုံးနိမ့်သူ ကိုယ်စားလှယ်လောင်းအချို့က မကျေနပ်ကြောင်း တိုင်းကြားလာတတ်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ်နိုင်ဖို့ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်းတာဝန်ကိုလည်း ပေးအပ်ထားသင့်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဥပဒေပါ တာဝန်များကိုလည်းကောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေပါ သက်ဆိုင်ရာ တာဝန်များကိုလည်းကောင်း၊ အခါအားလျော်စွာ ပြဋ္ဌာန်းတဲ့ ဥပဒေများကိုသော်လည်းကောင်း ပေးအပ်လာလျှင် ကျေပွန်စွာ ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်များ သတ်မှတ်ခြင်းနဲ့ ပတ်သက်ပြီး "ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်များမှာ အောက်ပါ"အတိုင်း ဖြစ်သည်–

**"(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊**

**(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်စေခြင်း၊**

**(ဂ) မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊**

**(ဃ) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်း၊**

**(င) သဘာဝဘေးအန္တရာယ်ကြောင့်သော် လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း၊**

**(စ) ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံအခြေပုံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီလည်းကောင်း ထုတ်ပြန်ခြင်း၊**

**(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊**

**(ဇ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း"**

လို့ အသေးစိတ်အခြေခံရမည့် မူများချမှတ်ရန် သင့်လျော်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးဟာ–

**(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ကျူးလွန်ခြင်း၊**

**(ခ) ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊**

**(ဂ) အကျင့်သိက္ခာ ပျက်ပြားခြင်း၊**

**(ဃ) ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သက်ဆိုင်ရာမှ ပုဂ္ဂိုလ်အတွက် သတ်မှတ်ထားသည့် အရည်အချင်းပျက်ယွင်းခြင်း၊**

**(င) ပေးအပ်သော တာဝန်ဝတ္တရားများ ကျေပွန်စွာမထမ်းဆောင်ခြင်း၊**

စသည်တို့အနက် အကြောင်းအရာတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သကဲ့သို့ စွပ်စွဲပြစ်တင်ရပါမည်။

ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းပြီး–

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

# နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာ စည်းရုံးခွင့်၊ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်

စာမျက်နှာ ၅ မှ

**"နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်"**

လို့ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရန်သင့်လျော်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဟာ ရာထူးတာဝန်ထမ်းဆောင်နေစဉ် ကျန်းမာရေး အခြေအနေအရဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ၊ မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့်ပြုသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ နုတ်ထွက်ခြင်းနှင့် စပ်လျဉ်းပြီး–

**"ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် ရာထူးတာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီးရာထူးမှ နုတ်ထွက်နိုင်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာ လစ်လပ်ပါက နိုင်ငံတော်သမ္မတသည် ဥက္ကဋ္ဌသို့မဟုတ် အဖွဲ့ဝင်အသစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနဲ့ စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်များနဲ့အညီ ခန့်အပ်တာဝန် ပေးသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်ရဲ့ရာထူး လစ်လပ်ခြင်းနဲ့ စပ်လျဉ်းပြီး–

**"ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအသစ် သို့မဟုတ် အဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန်သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တွေကို အရည်အချင်းပြည့်ဝတဲ့ နိုင်ငံ့ဝန်ထမ်းများထဲက သင့်လျော်တဲ့ ပုဂ္ဂိုလ်ကို ခန့်အပ်တာဝန်ပေးမယ်ဆိုရင်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူစေသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ဟာ နိုင်ငံ့ဝန်ထမ်းဖြစ်ရင် ဆောင်ရွက်ရမယ့် ကိစ္စနဲ့ စပ်လျဉ်းပြီး–

**"ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များထဲမှ ဥပဒေပိုင်းဆိုင်ရာ အတွေ့အကြုံရှိသူများလည်း ပါရှိလာနိုင်မှာ ဖြစ်တဲ့အတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်စေခြင်း၊ အယူခံလွှာများနဲ့ ကန့်ကွက်လွှာများကို ဥပဒေနဲ့အညီ ခုံအဖွဲ့များ ဖွဲ့စည်းစစ်ဆေးဆုံးဖြတ်စေခြင်း၊ နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သော ကိစ္စရပ်များကို ဆောင်ရွက်စေခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် လုပ်ငန်းများကို တိကျမှန်ကန် မြန်ဆန်စေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၌ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ပြုဆုံးဖြတ်ချက်များ ဖြစ်သင့်ပါတယ်။ ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရဲ့ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များ အပြီးအပြတ် အတည်ဖြစ်စေရေးနှင့် စပ်လျဉ်းပြီး–

**"အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ဆုံးဖြတ်ချက်၊ဆောင်ရွက်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်–**

**(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊**

**(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများ၊ ပြင်ဆင်မှုများ၊**

**(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သော ကိစ္စရပ်များ"**

လို့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရန်သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု ကော်မရှင်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များဟာ တိုင်းပြည်အတွက်အရေးကြီးတဲ့ တစ်ထောင့်တစ်နေရာက ပါဝင်နေမှာဖြစ်ပါတယ်။ ဒါကြောင့် ထိုက်တန်တဲ့ ရပိုင်ခွင့်တွေကိုလည်း ပေးရမှာဖြစ်ပါတယ်။ ယင်းတို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို မှီငြမ်းပြုနိုင်ဖို့ ရွေးကောက်ပွဲကော်မရှင်၏ ဥက္ကဋ္ဌရဲ့အဆင့်ကို ဒုတိယသမ္မတအဆင့်နဲ့လည်းကောင်း ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များအဆင့်ကို ပြည်ထောင်စုဝန်ကြီးများအဆင့်လည်းကောင်း သတ်မှတ်သင့်ပါတယ်။ အဲဒီကိစ္စများနဲ့ စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်သတ်မှတ်ခြင်းမပြုဘဲ သီးခြားဥပဒေပြဋ္ဌာန်းတဲ့အခါ ထည့်သွင်းသတ်မှတ်ပေးသင့်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို အဆင့်သတ်မှတ်ရေးနဲ့စပ်လျဉ်းပြီး–

**"ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်"ဟုလည်းကောင်း၊ "ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကိုဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်၊ ကော်မရှင် အဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ရန်သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မိမိနိုင်ငံသားများဟာ နိုင်ငံတော်အတွက် နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့သွားရောက် တာဝန်ထမ်းဆောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ သွားရောက်လုပ်ကိုင်ခြင်း၊ ကိုယ်ရေးကိုယ်တာကိစ္စဖြင့် သွားရောက်ခြင်းများ ရှိနေကြပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေရဲ့ နိုင်ငံခြားမှာ နေထိုင်တဲ့ ကာလကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် သတ်မှတ်ပေးသင့်ပါတယ်။

ဒါကြောင့်–

**"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး (၁၀)နှစ် အခြေချနေထိုင်ခဲ့သူ"ဟု ချမှတ်ပေးထားတဲ့ အသေးစိတ်အခြေခံရမယ့် မူအောက်တွင် ခြွင်းချက်အဖြစ် "နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဒီမိုကရေစီ နိုင်ငံများမှာ ပြည်သူတို့က ဆန္ဒမဲပေး ရွေးကောက်တင်မြှောက်ကြတယ်ဆိုရာမှာ မိမိတို့ ကိုယ်စားအုပ်ချုပ်တဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်လာစေရန် မိမိတို့၏ အခွင့်အရေးနှင့် တာဝန်များကို အသုံးပြုနေကြခြင်းဖြစ်ပါတယ်။

လွတ်လပ်စွာ မဲပေးရန်နှင့် ခြိမ်းခြောက်ခံရမည့် အခွင့်အလမ်း လျော့ပါးစေရန် မဲဆန္ဒရှင်တို့သည် လျှို့ဝှက်စွာ မဲဆန္ဒပေးပိုင်ခွင့် ရှိကြရပါမယ်။ နယ်စွန်နယ်ဖျားရှိ အချို့သော မဲဆန္ဒနယ်များတွင် မဲရုံများအလိုက် သီးခြားခွဲ၍ မဲပုံးများဖွင့်၍ ရေတွက်မှုပြုကြသဖြင့် သောင်းကျန်းသူတို့က မည်သူက မည်သူအား မဲပေးခဲ့သည်ကို တပ်အပ်မသိသော်လည်း မည်သည့်ကျေးရွာ၊ ရပ်ကွက်တို့က မည်သူ့ကို အနိုင်မဲများပေးခဲ့သည်လို့ သူတို့က မှန်းဆသိရှိနိုင်ကြပါတယ်။ ထို့ကြောင့် ၎င်းတို့က ခိုင်းစေသကဲ့သို့ မဲမပေးခဲ့သောကျေးရွာ၊ ရပ်ကွက်သားများကို မီးရှို့၊ ရိုက်နှက်၊ နှိပ်စက်ကလူပြုမှုမှုများ ရှိနိုင်ပါတယ်။ ဒါကြောင့် မဲရုံတစ်ရုံခြင်းအလိုက် မဲရေတွက်ခြင်းမပြုဘဲ မဲဆန္ဒနယ်အလိုက် ရေတွက်ဖို့သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဒီမိုကရေစီ လူ့အဖွဲ့အစည်းတိုင်းမှာ တစ်ပါတီနှင့် တစ်ပါတီ အပြိုင်အဆိုင် ရှိနေကြမှာ ဖြစ်ပါတယ်။ ပြိုင်ဆိုင်မှု ရှိနေကတည်းက အနိုင်၊ အရှုံး စာရင်းရှိနေကြမှာပါ။ ဒါ့အပြင် သဘောထားအယူအဆ ကွဲလွဲမှုတွေလည်း ရှိနေကြမှာဖြစ်ပါတယ်။ သို့ပါ၍ တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီမှုရယူကာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လုပ်ဆောင်ကြရန် လိုအပ်လှပါတယ်။ ထိုသို့ ညှိနှိုင်းမှုများရရန် ကြိုးစားနေရင်း၊ သဘောကွဲလွဲနေသောအဖွဲ့များသည် ငြိမ်းချမ်းစွာပြောရင်း ငြင်းခုံ၍ မိမိတို့၏ ဒီမိုကရေစီပန်းတိုင်သို့ သွားနေရမယ် ဖြစ်ပါကြောင်း တင်ပြရင်း ကျန်ရှိသော အပိုင်းကို မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်က ဆက်လက်ဖတ်ကြားမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးကြတဲ့ ဝန်ထမ်းများနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။**

ကျွန်တော်ကတော့ အမျိုးသားညီလာခံ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော အစုအဖွဲ့မှာပါဝင်တဲ့ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ရွေးချယ်ခံ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးတင်ထွန်းမောင်ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံရေးဆွဲရာမှာ ပါဝင်မယ့် နိုင်ငံရေးပါတီများအခန်းနဲ့ စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားချက်များအပေါ် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့ရဲ့ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရေးမှာ ပြည်သူများအတွက် အရေးကြီးလှသလို ထိုနိုင်ငံတော်ကြီး အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲနေရန်မှာလည်း အထူးပင်အရေးကြီးလှပါတယ်။ ဒီလိုတည်တံ့ခိုင်မြဲစေရန်အတွက် နိုင်ငံတော်တွင် နိုင်ငံ၏ ရေ၊ မြေ၊ သဘာဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံအစဉ်အလာများ၊ လူမျိုးစုများအတွင်းရှိ သဘောထားများ၊ နိုင်ငံတော်၏ နိုင်ငံရေးအခြေအနေကို ပြောင်းလဲစေနိုင်သည့် အင်အားစုများ၊ ၎င်းတို့ရပ်တည်လျက်ရှိသည့် ပကတိအခြေအနေများ၊ ပြည်သူတို့၏ နိုင်ငံရေးနိုးကြားမှု၊ နိုင်ငံရေးအမြော်အမြင်ရှိမှု စသည့်အခြေခံ အချက်များပေါ်တွင် မှီလျက်ရှိပြီး ၎င်းတို့နှင့် လိုက်လျောညီထွေရှိသည့် တည်ငြိမ်ရင့်ကျက်သော နိုင်ငံရေးစနစ်တစ်ရပ်ရှိရန် မလွှဲမသွေ လိုအပ်နေပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ထိုသို့သော နိုင်ငံရေးစနစ်အတွင်း၌လည်း ပြည်သူတို့၏ အကျိုးစီးပွားကိုသာ ဦးထိပ်ထားသော ဖွဲ့စည်းမှုမှစ၍ အဆင့်ဆင့်တိုင်း၌ ဆက်သွယ်မှု၊ ရွေးချယ်မှု၊ တာဝန်ယူမှုတို့၌ စည်းကမ်း၊ စနစ်ကျနတဲ့၊ နိုင်ငံရေးအခြေခံ ခိုင်မာတဲ့ ပြောင်းလဲနေသော အခြေအနေများနှင့် လိုက်လျောညီထွေရှိပြီး ပြည်သူများအတွက် အကျိုးရှိစေမယ့် လမ်းကြောင်းကို ရွေးချယ်ပေးနိုင်တဲ့ နိုင်ငံရေးပါတီများလည်း ရှိနေရပါမယ်။ ဒါမှသာ တည်ဆောက်ဖြစ်ပေါ်မှုများကိုထိန်းသိမ်းရင်း ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။ ခိုင်မာသော နိုင်ငံရေးပါတီများရှိခြင်းအားဖြင့် နိုင်ငံတော်အာဏာလွှဲပြောင်းရေး၊ လုပ်ငန်းစဉ်များအား စနစ်တကျစီစဉ်ခြင်း၊ ထိန်းသိမ်းခြင်း၊ တည်ငြိမ်အောင် ပြုလုပ်ပေးခြင်း၊ လမ်းညွှန်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါမှမဟုတ်ဘဲ နိုင်ငံတော်အာဏာရယူကြိုးပမ်းချက်များဟာ ပရမ်းပတာနဲ့ စနစ်မကျဖြစ်ခဲ့ရင်



**ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ၏ အကြံပြုချက်စာတမ်းကို မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) ရွေးချယ်ခံ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးတင်ထွန်းမောင် ဖတ်ကြားတင်ပြစဉ်။**
(သတင်းစဉ်)

မတရားဖမ်းဆီးနှိပ်စက်မှုများ၊ လုပ်ကြံသတ်ဖြတ်မှုများမှ တစ်ဆင့်ထက်တစ်ဆင့် တစ်ဖက်နဲ့တစ်ဖက် လက်နက်စွဲကိုင် တိုက်ခိုက်ကြသည့် စစ်ပွဲများအပြင် မိမိတို့သန်ရာသန်ရာအားကိုးသည့် ပြည်ပနိုင်ငံများရဲ့ အကူအညီကို ရယူခြင်းများအထိ ရှိတတ်ကြတဲ့အတွက် ပြည်သူများမှာ အသက်၊ အိုးအိမ်၊ စည်းစိမ် ဆုံးရှုံးရုံမက အဆုံးစွန်မှာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာပါ ဆုံးရှုံးရတဲ့အခြေအနေကို ရောက်ရှိသွားနိုင်ပါတယ်။ ခိုင်မာတဲ့ နိုင်ငံရေးပါတီများဟာ အဲဒီလိုမဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်သလို အဲဒီလို မဆောင်ရွက်နိုင်တဲ့ နိုင်ငံရေးပါတီဟာလည်း ရေရှည်တည်တံ့နိုင်မှာမဟုတ်ပါဘူး။ ရင့်ကျက်ခိုင်မာတဲ့ နိုင်ငံရေးပါတီများ မရှိတဲ့လူမှုအဖွဲ့အစည်းဟာလည်း တည်ငြိမ်အေးချမ်းမှုကို ရရှိနိုင်မှာမဟုတ်ပါဘူး။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ လွတ်လပ်ရေးဆုံးရှုံးပြီး သူ့ကျွန်ဘဝရောက်ခဲ့ရတဲ့ အချိန်ကစလို့ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေ အစဉ်တစိုက် ပြုလုပ်ခဲ့ပါတယ်။ ဒီလိုကြိုးပမ်းရာမှာ ပုဂ္ဂိုလ်ရေးဦးဆောင်မှုပြုခဲ့တဲ့ ပထမပိုင်းတွေဟာ အောင်မြင်မှုမရရှိခဲ့ဘဲ ပြည်သူတွေရဲ့ နိုင်ငံရေးနိုးကြားမှုကို ဖြစ်ပေါ်စေခဲ့တဲ့ အမျိုးသားကျောင်းများမှတစ်ဆင့် GCBA လို အဖွဲ့အစည်းများ ပေါ်ပေါက်လာရပြီး အဆင့်ဆင့်ဖွဲ့စည်းတည်ဆောက်လာခဲ့ကြတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းများရဲ့ စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဆိုတဲ့ ကြွေးကြော်သံနဲ့အတူ လွတ်လပ်ရေးကို ပြန်လည်အရယူပေးနိုင်ခဲ့ပါတယ်။ ဒီသင်ခန်းစာကိုမယူဘဲ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ နိုင်ငံရေးပါတီများ အကွဲကွဲ၊ အပြားပြားဖြစ်ပြီး တစ်ဖက်နဲ့တစ်ဖက် လက်နက်စွဲကိုင်တိုက်ခိုက်ကြတဲ့အထိဖြစ်ခဲ့လို့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာလည်း အများကြီးနောက်ကျခဲ့ရပါတယ်။ ဒီသင်ခန်းစာကို နောင်ပေါ်ပေါက်လာမယ့် နိုင်ငံရေးပါတီများ ယူတတ်ဖို့ လိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးဆိုတာ နိုင်ငံရဲ့အရေး၊ တစ်နည်းအားဖြင့် နိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားများရဲ့ အရေးဖြစ်ပါတယ်။ နိုင်ငံသားများရဲ့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး အားလုံးပါဝင်ပါတယ်။ နိုင်ငံရေးကို စိတ်ပါဝင်စားလို့ နိုင်ငံရေးကို ဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းကြတဲ့ နိုင်ငံရေးပါတီများမှာ နိုင်ငံသားများရဲ့ ဒီအရေးကိစ္စအားလုံးကို ရှိရင်းစွဲထက် တိုးတက်အောင် မြှင့်တင်ပေးရမယ့်တာဝန်ရှိပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီတစ်ရပ်ကို ဖွဲ့စည်းတော့မယ်ဆိုရင် မိမိတို့မှာ ဒီတာဝန်တွေရှိနေပြီး ဒီတာဝန်တွေကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့အတွက် အရည်အချင်းပြည့်ဝတဲ့ ပါတီဝင်တွေ ရှိရဲ့လား၊ မရှိသေးဘူးဆိုရင် ရှိလာအောင် ဘယ်လိုပြုစု ပျိုးထောင်ပေးမှာလဲ၊ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့မှာ ခိုင်မာတဲ့ မူဝါဒလမ်းစဉ်၊ အခြေခံသဘောတရားတွေ ရှိရဲ့လား၊ တစ်နည်းပြောရရင် ဒီတာဝန်တွေအောင်မြင်အောင် ဘယ်လိုလုပ်မှာလဲ၊ ဘယ်သူတွေနဲ့ လုပ်မှာလဲ ဆိုတာကို သေသေချာချာစဉ်းစားပြီးမှ နိုင်ငံရေးပါတီများကို ဖွဲ့စည်းသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဒီလိုမဟုတ်ဘဲ အာဏာရရေးတစ်ခုတည်းကိုပဲ ဦးတည်မယ်ဆိုရင်တော့ ပြည်သူတွေရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မှာမဟုတ်ဘူး၊ တစ်ချိန်တစ်ခါက ဖြစ်ခဲ့သလို နိုင်ငံရေးပါတီဆိုတာ ခေါင်းဆောင်တွေအတွက် "အာဏာ" ဆိုတဲ့ ဆုလာဘ်ရရှိစေပြီး အားပေးထောက်ခံသူများအတွက် "အခွင့်ထူး"ဆိုတဲ့ ဆုလာဘ်ကို ရရှိစေတယ်ဆိုတဲ့ အယူအဆတွေကြောင့် ကျွန်တော်တို့နိုင်ငံမှာ

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

# ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်

**စာမျက်နှာ ၆ မှ**

ခါးသီးတဲ့အတွေ့အကြုံတွေ အများကြီးရရှိခဲ့ရပါတယ်။ နိုင်ငံရေးပါတီဆိုတာ ခေါင်းဆောင်တစ်ဦးတစ်ယောက်၊ လူတစ်စုရဲ့ ပိုင်နက်နယ်ပယ်အဖြစ်မှ ပါတီဝင်များနှင့် သက်ဆိုင်တဲ့ ပါတီတွင်း ဒီမိုကရေစီအပြည့်အဝရရှိတဲ့ ပါတီဝင်များမှ ပါဝင်ဆုံးဖြတ်နိုင်တဲ့ အဖွဲ့အစည်းတစ်ရပ်အဖြစ် ပြောင်းလဲနိုင်ရပါမယ်။ ဒီလို ပါတီမျိုးဖြစ်အောင် ကြိုးပမ်းဖို့လဲ ပါတီဝင်တိုင်းမှာ တာဝန်ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီများဟာ နိုင်ငံတစ်ဝန်းလုံးနှင့်သက်ဆိုင်တဲ့ အဆင့်ဆင့်သော ခေါင်းဆောင်များကို ပျိုးထောင်ပေးရာ နေရာတစ်ခုလဲ ဖြစ်ပါတယ်။ ပြည်သူများအတွင်းရှိ လူတန်းစားအသီးသီး၊ အလွှာအဆင့်ဆင့်၊ အရည်အချင်းအမျိုးမျိုး ရှိတဲ့အထဲမှ နိုင်ငံအကျိုးကိုဆောင်လိုသော၊ အရည်အချင်းလဲပြည့်ဝသော နိုင်ငံရေး၊ စည်းရုံးရေးလုပ်ငန်းတွေကိုလည်း စိတ်ဝင်တစား စိတ်အားထက်သန်သော အမျိုးသား၊ အမျိုးသမီးလူငယ်များစသည်တို့ကို ရွေးချယ်ပြီး ပါတီတွင်း အဆင့်ဆင့် ရွေးကောက်ပွဲတွေကို ဒီမိုကရေစီစံများနှင့်အညီ ဖြတ်ကျော်စေခြင်း၊ ရရှိတဲ့ အဆင့်နဲ့ လိုက်လျောညီထွေရှိတဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေပေးအပ်ခြင်း တွေကို ပြုလုပ်ပေးရပါမယ်။ ဒီလိုရွေးချယ်တာဝန်ပေးအပ်မှုလဲ ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရကို ပိုမိုသက်ဝင်ယုံကြည်စေပြီး နိုင်ငံတော်ရဲ့ အဆင့်ဆင့်သော တာဝန်တို့ကို အရည်အချင်းပြည့်ဝစွာ ထမ်းဆောင်နိုင်ဖို့ လေ့ကျင့်ပျိုးထောင်ပေးရာရောက်ပါတယ်။ နိုင်ငံရေးပါတီအသီးသီးက မိမိတို့ပျိုးထောင်လေ့ကျင့်ပေးထားတဲ့ပုဂ္ဂိုလ်များကို ရွေးကောက်ပွဲနည်းလမ်းဖြင့် ပြည်သူတွေရဲ့ ရှေ့မှောက်ကို ပို့အပ်ပေးတဲ့အတွက် ပြည်သူတွေအနေနဲ့လည်း ဆင်ခြင်၊ စဉ်းစားရွေးချယ်နိုင်ဖို့ အခွင့်အလမ်းရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီနည်းနဲ့ နိုင်ငံတော်အရေးကို တာဝန်ယူဆောင်ရွက်နိုင်တဲ့ အရည်အချင်းပြည့်ဝတဲ့ နိုင်ငံခေါင်းဆောင်များ ရရှိနိုင်ပါတယ်။ အကယ်၍ ရွေးချယ်နိုင်ဖို့အတွက် ပထမတန်းအရည်အသွေးပြည့်ဝသော နိုင်ငံခေါင်းဆောင်များ မရရှိနိုင်ခဲ့ရင် အဲဒါဟာ နိုင်ငံရေးပါတီများသာမက နိုင်ငံရေးကို စိတ်မဝင်စားသော နိုင်ငံရေးကို ဆန့်ကျင်ဘက် အမြင်ရှိတဲ့ပြည်သူတွေမှာလည်း တာဝန်ရှိပါတယ်။ အရည်အသွေးပြည့်ဝတဲ့ နိုင်ငံခေါင်းဆောင်များ ပေါ်ထွက်လာနိုင်ဖို့အတွက် ပြည်သူအများက နိုင်ငံရေးကို စိတ်ဝင်တစားဆောင်ရွက်ခြင်း၊ ဆင်ခြင်တုံတရားနှင့် ရွေးချယ်ခြင်းနဲ့ နိုင်ငံရေးပါတီများက စနစ်တကျပြုစုပျိုးထောင် ရွေးချယ်ပေးခြင်းတို့အပေါ်မှာ မူတည်နေပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့ဟာ အထက်မှာဖော်ပြခဲ့တဲ့ အချက်များအပေါ်မှာ အခြေခံ စဉ်းစားပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားချက်များကို ဆွေးနွေးသုံးသပ်ခဲ့ကြပါတယ်။

နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအပိုင်းမှာ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းရန် တာဝန်ရှိသည်လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်ပြီးဖြစ်တဲ့အတွက် နိုင်ငံသားများနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီများဟာလည်း–

“နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်”

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံဦးတည်ချက်(၆)ရပ်မှာ ပါဝင်တဲ့ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးနဲ့ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးဆိုတဲ့ ဦးတည်ချက်(၂)ချက်ဟာ အပြန်အလှန်မှီတွယ် အကျိုးပြုနေကြပါတယ်။ နိုင်ငံတော်မှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားမှသာ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပေါ်နိုင်သလို၊ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားမှသာလျှင် နိုင်ငံတော်မှာ လောကပါလတရားများ ထွန်းကားနိုင်မှာ ဖြစ်ပါတယ်။ ရွေးချယ်တင်မြှောက်ခြင်းဟာ ဒီမိုကရေစီစနစ်ရဲ့ အသည်းနှလုံးသဖွယ်ဖြစ်ခဲ့ရင် နိုင်ငံရေးပါတီများဟာလည်း စစ်မှန်တဲ့ပါတီစုံဒီမိုကရေစီစနစ်ရဲ့ အခြေခံအုတ်မြစ် ဖြစ်ပါတယ်။ ဒီအခြေခံအုတ်မြစ်ခိုင်မာနေဖို့ အခြေခံအုတ်မြစ်ရဲ့ အုတ်ချပ်များ အဖြစ်ပါဝင်ရမယ့် နိုင်ငံရေးပါတီတိုင်းဟာလည်း ခိုင်မာတဲ့၊ စည်းကမ်းရှိတဲ့၊ အရည်အချင်းပြည့်ဝတဲ့ နိုင်ငံရေးပါတီတွေ ဖြစ်ရပါမယ်။

ဒါကြောင့်–

**“နိုင်ငံရေးပါတီတစ်ရပ်သည်–**

**(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်၊**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊**

**(ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်”**

ဆိုတဲ့အချက်များကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ပြီးတဲ့အခါမှာ အဓိကအကျဆုံးနှင့် ပထမဆုံးဆောင်ရွက်ရမယ့်ကိစ္စကတော့ စည်းရုံးရေးကိစ္စပဲ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီတစ်ခုဟာ ပြည်သူအတွင်းမှာ အမြဲတမ်းရှင်သန်နေနိုင်ဖို့အတွက် စည်းရုံးရေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အလျဉ်းသင့်လို့ ထင်ရှားတဲ့ စာရေးဆရာကြီးတစ်ဦးရဲ့ အဆိုအမိန့်ကို တင်ပြပါရစေ။ အဲဒါကတော့ “နိုင်ငံရေးဆိုတာ ရန်သူကို မိတ်ဆွေဖြစ်အောင် လုပ်တာပါပဲ”လို့ အဓိပ္ပာယ်ရပါတယ်။ နိုင်ငံရေးပါတီများဟာ အဲဒီအချက်ကို ထည့်သွင်းစဉ်းစားပြီး စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ကြမယ်ဆိုရင် နိုင်ငံရေးနဲ့ ပတ်သက်ပြီး “ရန်သူ”ဆိုတာ အင်မတန်နည်းပါးသွားပါမယ်။ မိမိနဲ့ “သဘောထားမတူသူများ”သာရှိလာပါမယ်။ မိမိနဲ့“သဘောထားမတူသူများ”ကို ရန်သူလို့ သတ်မှတ်လို့မရပါဘူး။ မိမိရဲ့သဘောထားများကို တစ်ဖက်မှ နားလည်လက်ခံနိုင်ရန် စည်းရုံးရမှာဖြစ်သလို မိမိနဲ့မတူညီတဲ့ သဘောထားများကို လေးလေးစားစား အလေးထားစဉ်းစားပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ ပဋိပက္ခအသွင်ဆောင်တဲ့ နိုင်ငံရေးအခြေအနေများလည်း လျော့နည်းသွားမှာ ဖြစ်ပါတယ်။ လွတ်လပ်စွာ စည်းရုံးခွင့်ဟာ နိုင်ငံရေးပါတီများရဲ့ အခြေခံ လိုအပ်ချက်ဖြစ်သလို ဒီလိုစည်းရုံးရာမှာ စနစ်တကျရှိစေဖို့ ဥပဒေများလည်း ရှိဖို့လိုအပ်ပါတယ်။

ဒီစည်းရုံးမှုက ရရှိတဲ့အောင်မြင်မှု၊ ဆုံးရှုံးမှုတွေကို သိနိုင်ဖို့အတွက်က ရွေးကောက်ပွဲနည်းလမ်းကိုသာ ကျင့်သုံးရမှာ ဖြစ်ပါတယ်။ မိမိတို့ရဲ့ စည်းရုံးရေး ဘယ်လောက်အောင်မြင်တယ် မအောင်မြင်ဘူးဆိုတာ ရွေးကောက်ပွဲရလဒ်ပေါ်မှာ မူတည်ပြီး ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ သတိပြုရန်တစ်ခုက ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ မိမိတို့ကို ဆန္ဒမဲပေးခဲ့သူတွေရဲ့ အကျိုးစီးပွား၊ သဘောထားတွေကိုသာ လေးစားရန်မဟုတ်ပါဘူး။ မိမိကိုဆန္ဒမဲ မပေးသူတွေရဲ့ အကျိုးစီးပွား သဘောထားတွေကိုလည်း အလေးထားရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ အဲဒီမဲဆန္ဒနယ်မှာရှိတဲ့ ပြည်သူတွေရဲ့ ကိုယ်စားလှယ် ဖြစ်လို့ပါပဲ။

ဒါကြောင့်–

နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနဲ့အညီ–

**“(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်၊**

**(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်”**

ဆိုတဲ့ အချက်များကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လွတ်လပ်စွာ စည်းရုံးခွင့်ဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးကို အလွဲသုံးစားလုပ်ပြီး မိမိပါတီရဲ့ အကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေးရှုပြီး ဆောင်ရွက်မယ့် နိုင်ငံရေးပါတီများလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ ဒီလိုနိုင်ငံရေး ပါတီတွေကို ခွင့်ပြုမယ်ဆိုရင် နိုင်ငံတော်မှာ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားလာနိုင်မှာ မဟုတ်ပါဘူး။ ပါတီစုံဒီမိုကရေစီစနစ် မထွန်းကားရင် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရား များလည်း ထွန်းကားနိုင်မှာ မဟုတ်ပါဘူး။ ဒါနဲ့ တစ်ဆက်တည်း တည်ငြိမ်တဲ့ နိုင်ငံရေးစနစ်ပျက်ပြားပြီး ကျွန်တော်တို့အားလုံး ယနေ့ ဦးတည်ထားတဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ တာဝန်တွေကို ထမ်းဆောင်နိုင်မှာ မဟုတ်တော့ဘဲ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာပါ ဆုံးရှုံးရမယ့် အခြေအနေအထိ ရောက်ရှိသွားနိုင်ပါတယ်။ ဒီလိုအခြေအနေဆိုးတွေ ဖြစ်ပေါ်မလာစေဖို့ ဒီလိုနိုင်ငံရေး ပါတီတွေ မပေါ်ပေါက်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တားမြစ်ထားဖို့ လိုပါတယ်။ ဒါမှလည်း ပြည်သူတစ်ရပ်လုံး တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံတော်ရဲ့ နိုင်ငံသားများအဖြစ် စိတ်နှလုံးချမ်းမြေ့စွာ နေနိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့်–

**၁။ နိုင်ငံရေးပါတီ တစ်ရပ်ရပ်သည် အောက်ပါအကြောင်း တစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ–**

**(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊**

**(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူ အဖွဲ့အစည်း အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ(သို့မဟုတ်) မတရားအသင်းအဖြစ် ကြေညာခြင်းခံထားရသောအဖွဲ့အစည်းနှင့်တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ ဖြစ်စေ၊ ဆက်သွယ်ခြင်း(သို့မဟုတ်) အားပေးကူညီခြင်း၊**

**(ဂ) နိုင်ငံခြားတိုင်းပြည် တစ်ခုခုမှ အစိုးရ(သို့မဟုတ်)ဘာသာရေး အဖွဲ့အစည်း (သို့မဟုတ်) အခြားအဖွဲ့အစည်းတစ်ခုခု (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း အခြား အထောက်အပံ့တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ရယူသုံးစွဲခြင်း၊**

**(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း၊**

**၂။ နိုင်ငံရေးပါတီ တစ်ရပ်ရပ်သည် အပိုဒ်(၄) အပိုဒ်ခွဲ(က)(ခ) (ဂ) သို့မဟုတ် (ဃ)ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့် ပေးနိုင်သော အဖွဲ့အစည်းကတွေ့ရှိလျှင် နိုင်ငံရေးပါတီ အဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်”**

ဆိုတဲ့ အချက်များအား အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အခန်းနှင့် စပ်လျဉ်းပြီး “နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်သည်”လို့ အခြေခံရမယ့်မူချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်အာဏာရဲ့ မူလပိုင်ရှင် အစစ်ဖြစ်တဲ့ ပြည်သူများမှတစ်ဆင့် ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုလွှတ်တော်ဟာ ဥပဒေပြုအာဏာများအပြင် အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးမယ့် နိုင်ငံတော်သမ္မတကို ရွေးချယ်ပေးရမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ အမြင့်ဆုံးအာဏာပိုင် အဖွဲ့အစည်းတစ်ရပ်ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဒီလွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်လာကြမယ့် ပုဂ္ဂိုလ်အများစုဟာလည်း နိုင်ငံရေးပါတီများမှ ပါတီဝင်များဖြစ်ကြပါမယ်။ ဒီအတွက် တရားသော နည်းလမ်းများဖြင့် ဖွဲ့စည်းခြင်း၊ စည်းရုံးခြင်း စတဲ့လုပ်ငန်းများ ဆောင်ရွက်ရာမှာ တစ်ဦးနှင့် တစ်ဦး၊ တစ်ပါတီနှင့် တစ်ပါတီ တန်းတူညီမျှ အခွင့်အလမ်းများရရှိစေဖို့ လိုအပ်သလို ပါတီများအားလုံး လိုက်နာရမယ့် အချက်တွေဟာလည်း တစ်ပြေးညီ ဖြစ်ဖို့ လိုပါတယ်။ နိုင်ငံရေးပါတီဝင်များ အများစုပါဝင်တဲ့ ပြည်သူ့ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုလွှတ်တော်ကြီးသာ နိုင်ငံရေးပါတီများအတွက် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရန် အသင့်တော်ဆုံးဖြစ်ပါတယ်။

ဒါကြောင့်–

**“ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်”** ဆိုတဲ့အချက်ကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် နိုင်ငံရေးပါတီများ အခန်းနဲ့ ပတ်သက်ပြီး ချမှတ်သင့်တဲ့ အခြေခံမူများကို စုစည်းတင်ပြရရင် –

**၁။ နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်၊**

**၂။ နိုင်ငံရေးပါတီ တစ်ရပ်သည်–**

**(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကို လက်ခံကျင့်သုံးရမည်၊**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစား လိုက်နာရမည်၊**

**(ဂ) ဥပဒေနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းမှတ်ပုံတင် ထားရမည်၊**

**၃။ နိုင်ငံရေးပါတီ တစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ–**

**(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်၊**

**(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်၊**

**၄။ နိုင်ငံရေးပါတီ တစ်ရပ်ရပ်သည် အောက်ပါအကြောင်းတစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ–**

**(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ်ကြေညာခံရခြင်း၊**

**(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူ အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သောအဖွဲ့အစည်း နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံ ထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊**

**(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက် အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊**

**(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း၊**

**၅။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အပိုဒ်(၄)၊ အပိုဒ်ခွဲ(က)၊(ခ)၊(ဂ) သို့မဟုတ် (ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း၊ မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းက တွေ့ရှိလျှင် နိုင်ငံရေးပါတီ အဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်။**

**၆။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်။**

တို့ဟာ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီများဟာ နိုင်ငံတော်အတွင်း အများပြည်သူများနှင့် သက်ဆိုင်တဲ့ ဥပဒေ၊ မူဝါဒ၊ စီမံကိန်းများကို ချမှတ်နိုင်ရန်အတွက် အရေးပါတဲ့ မူလအရင်းအမြစ်များအဖြစ် ပြည်သူ့တာဝန်ကို ထမ်းဆောင်ကြရပါမယ်။ ပြည်သူများကြားမှာ ဖြစ်ပေါ်လျက်ရှိတဲ့ အထွေထွေအပြားပြား မရေရာ မသေချာသည့် လိုအပ်ချက်များ၊ ပီပီပြင်ပြင်မရှိတဲ့ မျှော်လင့်ချက်များကို စနစ်တကျစုစည်းပြီး ရေရာသေချာတဲ့၊ ပီပြင်ပြတ်သားတဲ့၊ နားလည်သဘောပေါက်နိုင်တဲ့ ဥပဒေ၊ မူဝါဒ၊ သဘောထား စီမံကိန်းလုပ်ငန်းစဉ်များအဖြစ်သို့ ပြောင်းလဲပြီး ညှိနှိုင်းတိုင်ပင်ဆွေးနွေးအဖြေရှာခြင်းတို့နဲ့ ပြည်သူများအတွက် အကျိုးပြုနိုင်မည့် ဥပဒေ၊ မူဝါဒ၊ သဘောထားများအဖြစ် အကောင်အထည်ဖော်ပေးရမှာ ဖြစ်ပါတယ်။

ဒီမူဝါဒလမ်းစဉ်တွေဟာ ကဏ္ဍတစ်ခုချင်းအတွက် ကျွမ်းကျင်သူများက ချမှတ်တဲ့ မူဝါဒ၊ လုပ်ငန်းစဉ်များထက် ပိုမိုလက်တွေ့ကျမှာ ဖြစ်ပါတယ်။ ကျွမ်းကျင်သူများရဲ့ သဘောထားများကိုလည်း အရေးပါတဲ့ အချက်များ အဖြစ် ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီများမှ ချမှတ်တဲ့ ဥပဒေ၊ မူဝါဒ၊ လမ်းစဉ်များဟာ ကဏ္ဍတစ်ခုတည်းအတွက်မဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး အတွက်၊ လွှမ်းခြုံစဉ်းစားရမှာဖြစ်တဲ့အတွက်၊ ကဏ္ဍတစ်ခုချင်းစီအတွက် ချမှတ်ထားသည့် မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များဟာ အခြားသော ကဏ္ဍများ အတွက် ချမှတ်ထားတဲ့ မူဝါဒ၊ သဘောထား လုပ်ငန်းစဉ်များနဲ့ သဟဇာတ အံဝင်ခွင်ကျဖြစ်မှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံရေးပါတီများဟာ ပြည်သူများအတွင်း နက်ရှိုင်းစွာ ထိုးဖောက် ဝင်ရောက်ပြီး ပြည်သူများရဲ့ဆန္ဒ၊ သဘောထားအမှန်များကို သိရှိနားလည်နိုင်စွမ်းရှိတာနဲ့အညီ ပြည်သူများရဲ့ဆန္ဒ၊ မျှော်လင့်ချက်၊ လိုလားတောင့်တချက်များနှင့် ကိုက်ညီတဲ့ မူဝါဒ၊ သဘောထား လုပ်ငန်းစဉ်များကို အံဝင်ခွင်ကျ အကောင်အထည်ဖော်ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ တကယ်တော့ အရည်အချင်းပြည့်ဝတဲ့ နိုင်ငံရေးပါတီဟာ နိုင်ငံတော်အငယ်စား တစ်ခုပဲ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အနာဂတ်နိုင်ငံတော်ကြီးမှာ စည်းကမ်းကျနတဲ့ နိုင်ငံအတွက် အရည်အချင်း ပြည့်ဝတဲ့ နိုင်ငံခေါင်းဆောင်များကို ပြုစုပျိုးထောင်ပေးနိုင်တဲ့၊ ပြည်သူ့ဆန္ဒနဲ့ ကိုက်ညီမယ့် ဥပဒေ၊ မူဝါဒတွေကို အကောင်အထည်ဖော်ပေးနိုင်တဲ့ နိုင်ငံရေး ညစ်ပတ်မှုတွေကို ခဝါချပြီး ဖြူစင်ရိုးသားတဲ့ပါတီတွင်း ဒီမိုကရေစီကို အပြည့် အဝကျင့်သုံးတဲ့ မိမိပါတီအကျိုးစီးပွားထက် အမျိုးသားအကျိုးစီးပွားကို ဦးစား ပေးတဲ့ နိုင်ငံရေးပါတီများ ပေါ်ထွန်းလာမယ်လို့ မျှော်လင့်ပါတယ်။ တစ်ချိန်က အင်္ဂလိပ်စာကိုနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလက်နက်အဖြစ် ကျင့်သုံးနိုင်ဖို့ “အင်္ဂလိပ်စာကို ထွန်တုံးပေါ်ရောက်စေရမယ်”လို့ကြွေးကြော်ခဲ့ကြသလို၊ နိုင်ငံရေးပါတီများ အနေနဲ့ လည်း“ ဒီမိုကရေစီစနစ်နဲ့ ဆင်ခြင်တုံတရားများကို လယ်တောများ၊ တောင်တန်း များ၊ ပင်လယ်များအထိ ပျံ့နှံ့အောင်ဆောင်ရွက်ပေးကြပါ”လို့ တိုက်တွန်း လိုပါတယ်။ လွတ်လပ်စွာ စည်းရုံးခွင့်ကိုအသုံးချခွင့်ရပြီး ပေါ်ပေါက်လာမယ့် နိုင်ငံရေးပါတီများနဲ့ ဒီပါတီများကို အခြေခံပြီးပေါ်ထွန်းလာတော့မယ့် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို ဝမ်းပန်းတသာကြိုဆိုလျက်ရှိပါကြောင်း ပြောကြားရင်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းနှင့် ပတ်သက်၍ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်းမှ ဆက်လက်ဖတ်ကြားတင်ပြမည် ဖြစ်ကြောင်း ပြောကြားအပ်ပါတယ်ခင်ဗျား။

**(အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းကို ဆက်လက်ဖော်ပြ သွားပါမည်။)**

# မသန်စွမ်းသူများ ICT နည်းပညာများ လက်လှမ်းမီစေရေး သင်တန်းကျောင်းများ၌ ကွန်ပျူတာဘာသာရပ်ကိုသင်ကြားပေး



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ထူးချွန်မသန်စွမ်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

■ ရွှေဖုံးမှ

## ပိုမိုနားလည်သိမြင်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် လူ့အဖွဲ့အစည်းများအတွင်းမှာ ရှိကြသည့် မသန်စွမ်းသူများအတွက် ဂုဏ်သိက္ခာမြင့်မားစေရန်ရည်ရွယ်ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ပေးခဲ့သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ဖြစ်ကြောင်း၊ ထို့ကြောင့် ဤနေ့ ဤရက်တွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် မသန်စွမ်းသူများ၏ အခြေအနေကို ပြည်သူလူထုက ပိုမိုသိရှိ နားလည်သဘောပေါက်လာစေရန်၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း ပြန်လည် တစ်ပြင်တည်း နေထိုင်လေ့ ရှိကြကြောင်း၊ မည်သည့် အသက်အရွယ်၊ မည်သည့် ကျန်းမာသန်စွမ်းမှု အခြေအနေမှာရှိနေစေကာမူ ဆွေမျိုးမိသားစု အသိုင်းအဝိုင်းအတွင်းမှာ အတူတကွ အပြန်အလှန် ဖေးမစောင့်ရှောက်ကြလျက် နေထိုင်ကြခြင်းကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာအဖြစ် ယနေ့တိုင် ထိန်းသိမ်းထားနိုင်လျက်ရှိကြကြောင်း။

ထို့ကြောင့်မြန်မာနိုင်ငံ၊ မြန်မာ့လူမှု အသိုင်းအဝိုင်းတွင် အသက်အရွယ်ကြီးရင့်မှု၊ မသန်စွမ်းမှုတို့ကြောင့် ပစ်ပယ်စွန့်ပစ်ခံရမှုဟု မရှိကြဘဲ တစ်နည်းနည်းဖြင့် စောင့်ရှောက်ထိန်းသိမ်းခြင်းကို ခံစားကြရကြောင်း။

အမှန်တကယ်အားဖြင့် မသန်စွမ်းသူများသည် နိုင်ငံတော်၏ အင်အားတစ်ရပ်ပင် ဖြစ်သည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများကို



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မသန်စွမ်းကျောင်းမှ ထူးချွန်မသန်စွမ်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နေထိုင်ဝင်ဆံ့နိုင်မှု၏ အကျိုးရလဒ်များကို ပိုမိုနားလည် သိမြင်လာစေရန် မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်းများနှင့် လူ့အဖွဲ့အစည်း အားလုံးအနေဖြင့် မသန်စွမ်းသူများ အခွင့်အရေးနှင့် စွမ်းဆောင်ရည်များအပေါ် အထူးဂရုပြု အာရုံစိုက်လာစေရန် ဆိုသည့် မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားများကို ကျင်းပလျက်ရှိကြကြောင်း။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့်လည်း ကုလသမဂ္ဂ၏ လူသားအကျိုးပြု မွန်မြတ်သည့် လုပ်ငန်းဆောင်တာအဝဝတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများနှင့်အညီ မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့် စိတ်ဓာတ်မြင့်မားလာစေရန်၊ မသန်စွမ်းသူများ အခွင့်အရေး တန်းတူရည်တူရရှိရေး ကြိုးပမ်းဆောင်ရွက်ပေးရန် ဆိုသည့် ရည်ရွယ်ချက်များဖြင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားများကို နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့ကျရောက်တိုင်း အစဉ်အလာမပျက် ဂုဏ်ပြုကျင်းပလာခဲ့သည်မှာ ဤနှစ်တွင် (၁၃)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ကြောင်း။**

## မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ

မိမိတို့မြန်မာနိုင်ငံ၏ မိရိုးဖလာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများအရ အဘိုး၊ အဘွား၊ အမိ အဖ၊ သားသမီး မြေးမြစ်များသည် ခိုင်မြဲသည့် မိသားစုဘဝတွင် ဥမကွဲ သိုက်မပျက် အေးအတူ ပူအမျှ လက်ရည် အခြားသော နိုင်ငံသူ နိုင်ငံသားများနည်းတူ လူမှုအခွင့်အရေးများ တင်းပြည့် ကျပ်ပြည့် ရရှိခံစားနိုင်ကြစေရန်၊ မသန်စွမ်းသူများအတွက် လူမှုရေးဘဝ တိုးတက်မြင့်မားမှု အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်စေရန်၊ လိုအပ်သည့် စိတ်ဓာတ်နှင့် အရည်အသွေးများ လေ့ကျင့်ပျိုးထောင်ပေးခြင်းအားဖြင့် တန်ဖိုးရှိသည့် နိုင်ငံ့အကျိုးပြု စွမ်းအားစုတစ်ရပ် ဖြစ်လာစေရန် ဆိုသည့် ရည်မှန်းချက်များဖြင့် အဘက်ဘက်က ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း။

## လူမှုရေးပြုစုစောင့်ရှောက်မှု

ထို့ကြောင့် မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအနေဖြင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာကောင်းများအရဖြစ်စေ၊ နိုင်ငံတော်အစိုးရ၏ မူဝါဒအရဖြစ်စေ၊ ထိုက်တန်သည့် လူမှုရေး ပြုစုစောင့်ရှောက်မှုများကို ရရှိခံစားရလျက်ရှိကြောင်း။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသားအားလုံး အသက်အရွယ် အဆင့်အတန်းမရွေး လူမျိုးဘာသာမခွဲခြားဘဲ လူမှုသုခအပေါင်း ရရှိခံစားနိုင်ကြစေရန်နှင့် စိတ်အေးချမ်းမွေ့ဖွယ်ပတ်ဝန်းကျင်ကောင်းများနှင့် ပြည့်စုံပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ကြစေရန်ဆိုသည့် မွန်မြတ်သည့် မျှော်မှန်းချက်များထားရှိပြီး အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။**

## စနစ်တကျစီမံဆောင်ရွက်

ယင်းမျှော်မှန်းချက်များနှင့် အညီ သက်ကြီးရွယ်အိုများ၊ မိခင်နှင့်ကလေးများ၊ မသန်စွမ်းသူများစသည့် အထူးပြုစုစောင့်ရှောက်ပေးမှု လိုအပ်သူများအတွက် ဆီလျော်ထိုက်တန်သည့် လူမှုရေးပြုစုစောင့်ရှောက်မှုများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

**နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဆင့်ဆင့်တွင် ဆေးဝါးကုသမှုဖြင့် ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးအရ ပြန်လည်ထူထောင်ပေးရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။**

## အမျိုးသားရေးလုပ်ငန်း

မသန်စွမ်းဖြစ်မှုကို ကြိုတင်ကာကွယ်သည့်အနေဖြင့် စောစီးစွာသိရှိ ကုသပေးမှုများ၊ အမျိုးသားအဆင့် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းအစီအစဉ်များ၊ အိုင်အိုဒင်းဆားဖြန့်ဝေမှု အစီအစဉ်များ၊ အနာကြီးရောဂါ တိုက်ဖျက်ရေးအစီအစဉ်များ၊ ဗီတာမင်အေတိုက်ကျွေးခြင်း အစီအစဉ်များ၊ မျက်ခမ်းစပ်တိုက်ဖျက်ရေး စီမံချက်များကို အမျိုးသားရေး လုပ်ငန်းအဖြစ်နှင့် တစ်နိုင်ငံလုံး ဖြန့်ကြက်ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အမျိုးသားပြန်လည်သန်စွမ်းရေး ဆေးရုံများဖွင့်လှစ် ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်နယ်နှင့် တိုင်းအသီးသီးမှာရှိသည့် ဆေးရုံကြီးများမှာလည်း မသန်စွမ်းဖြစ်လာသူများကို လက်ခံစောင့်ရှောက်ကုသပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတကာ၏ မသန်စွမ်းမှုသတ်မှတ်ချက်များဖြစ်သည့် မျက်စိမမြင်သူ၊ နားမကြားသူ၊ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ ဉာဏ်ရည်မမီသူ စသည့် မသန်စွမ်းသူ အမျိုးအစား အားလုံးအတွက် လူမှုရေးအရ ပြန်လည်ထူထောင်မှု ပြုနိုင်စေရန် မျက်မမြင်ကလေးများကျောင်း၊ နားမကြားသောကလေးများကျောင်း၊ မသန်စွမ်း သက်ကြီး သင်တန်းကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း များကို နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားရှိပြီး ပညာရေး၊ အသက်မွေးမှု အတတ်ပညာရရှိရေး၊ လူမှုဆက်ဆံရေး၊ အလုပ်အကိုင်နေရာချထားရေးစသည့် လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေး အစီအစဉ်များကို သင်တန်းကျောင်းအခြေပြုစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ပြုစုစောင့်ရှောက်

လူမှုရေး အဖွဲ့အစည်းများအပိုင်းကလည်း မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း၊ ရန်ကုန်မျက်မမြင်ကျောင်း၊ ပြင်ဦးလွင် မျက်မမြင်ကျောင်း၊ ပခုက္ကူ မျက်မမြင်ကျောင်း၊ မြစ်ကြီးနား မျက်မမြင်ကျောင်း၊ မိတ္ထီလာ မျက်မမြင်ကျောင်း၊ ဧဒင် မသန်စွမ်းကလေးများ ပြုစုရာရိပ်မြုံ၊ တောင်ကြီး ဘုရားဖြူရှာ မိဘမဲ့နှင့်မသန်စွမ်းကလေးများ ဂေဟာများကို ဖွင့်လှစ်ပြီး မသန်စွမ်းသူများကို ပြုစုစောင့်ရှောက်ပေးလျက်ရှိကြကြောင်း။

ထို့အပြင် မသန်စွမ်းကလေးများ ပညာသင်ကြားခွင့် ရရှိစေရေးအတွက် လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education) စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ရှိသည့် မျက်မမြင်သူ၊ နားမကြားသူ၊ ကိုယ်အင်္ဂါမသန်စွမ်းသူ ကလေးငယ်များသည် အခြားသော ကလေးများနည်းတူ အခြေခံပညာကျောင်းများမှာ ပညာသင်ကြားခွင့် အခွင့်အလမ်းများကိုရရှိနေကြပြီဖြစ်ကြောင်း၊ Inclusive Education ၏ အကျိုးရလဒ်ကောင်းများအဖြစ် ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မသန်စွမ်းသင်တန်းကျောင်းများက ကျောင်းသူ၊ ကျောင်းသား ၁၃ ဦး၊ ၂၀၀၆ခုနှစ်မှာ ၁၅ဦး အောင်မြင်ခဲ့သည့်အတွက် ယခုဆိုလျှင် ယင်းမသန်စွမ်းသည့် လူငယ်များသည် သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များမှာ တက်ရောက်ပြီး ပညာသင်ယူလျက်ရှိ နေပြီဖြစ်ကြောင်း၊ ၂၀၀၄–၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးနှင့် အောင်မြင်ခဲ့သည့် ကိုယ်အင်္ဂါ မသန်စွမ်းသူ မစုပုံချစ်သည် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပညာဆည်းပူးနေပြီဖြစ်သကဲ့သို့ ၂၀၀၅–၂၀၀၆ ခုနှစ် တက္ကသိုလ် ဝင်တန်းစာမေးပွဲတွင် ရှမ်းပြည်နယ်၊ အောင်ပန်း အထက်တန်းကျောင်းမှ မျက်မမြင်ကျောင်းသူ မအေးချမ်းအောင်သည် ဂုဏ်ထူးသုံးခုဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်အပြင် မြန်မာ တစ်နိုင်ငံလုံး ဝိဇ္ဇာဘာသာရပ်တွဲတွင် ပထမရရှိခဲ့သည်မှာ မသန်စွမ်းသူများအတွက် များစွာဂုဏ်ယူဖွယ်ပင်ဖြစ်ကြောင်း။

## အကောင်အထည်ဖော်

ယနေ့ခေတ်သည် Information and Communication Technology ခေါ်သည့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ ထွန်းကားနေသည့် ခေတ်ဖြစ်သကဲ့သို့ ကမ္ဘာနှင့်အဝန်း Knowledge Based



**ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ် Mr. Charles James Petric ဖတ်ကြားစဉ်။** (သတင်းစဉ်)

Society ပညာအခြေပြု လူ့အဖွဲ့အစည်းကို ထူထောင်နေသည့် ကာလလည်း ဖြစ်ကြောင်း၊ ယင်းသို့ ICT ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို သန်စွမ်းသူများနည်းတူ မသန်စွမ်းသူများလည်း ရရှိခံစားနိုင်ခွင့်ရှိစေရေးအတွက် အာရှနှင့် ပစိဖိတ်ဒေသ မသန်စွမ်းသူများ ဆယ်စုနှစ် (၂၀၀၃–၂၀၁၂) ကာလအတွင်း ဦးတည်ပေးဖော်ဆောင်ရန် ချမှတ်ထားသည့် ရည်မှန်းချက်များမှာ **"သတင်း၊ ဆက်သွယ်ရေးနှင့် အထောက်အကူပြု နည်းပညာအပါအဝင် သတင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ အလွယ်တကူ ရရှိအသုံးပြုနိုင်ရေး"** ဆိုသည့် ရည်မှန်းချက်ကိုလည်း ထည့်သွင်း ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီးက အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အတွက် နှစ်စဉ် ဦးတည်ချက်များ ချမှတ်ပေးလျက်ရှိရာမှာ ၂၀၀၆ခုနှစ်အတွက် "E-Accessibility" **"ခေတ်မီနည်းပညာများသုံးစွဲနိုင်ရေး မသန်စွမ်းသူများကို အခွင့်အလမ်းပေး"** ဆိုသည့် ဆောင်ပုဒ်ကို ချမှတ်ပေးထားကြောင်း။

မြန်မာနိုင်ငံအနေနှင့် မသန်စွမ်းသူများ ICT နည်းပညာကို လက်လှမ်းမီစေရေးအတွက် မသန်စွမ်းသင်တန်းကျောင်းအသီးသီး၌ ကွန်ပျူတာဘာသာရပ်ကို သင်ကြားပေးပြီး မျက်မမြင်သည့် ကလေးများ၊ နားမကြားသည့် ကလေးများကို သန်စွမ်းသူများနှင့် ရင်ပေါင်တန်းနိုင်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း။

## ဝမ်းမြောက်ဂုဏ်ယူ

ထို့ကြောင့် ယခင်အခါက ကက်ဆက်၊ မျက်မမြင်သုံး လက်နှိပ်စက်၊ စူးထိုးဘောင် စာရေးကိရိယာစသည့် ပစ္စည်းများနှင့်သာ အသုံးပြုသင်ကြားခဲ့ရသည့် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းတွင် မျက်မမြင်များကိုယ်တိုင် ကွန်ပျူတာများကို ကိုင်တွယ်ပြီး ကျောင်းသုံးစာအုပ်များကို မျက်မမြင်စာဖြင့် တွင်ကျယ်စွာ ရိုက်နှိပ်နိုင်နေပြီဖြစ်သည့်အပြင် e-mail၊ Internet ကိုလည်း အသုံးပြုနိုင်နေပြီဖြစ်ကြောင်း၊ အလားတူပင် ခဝဲခြံ မျက်မမြင်ကျောင်း၊ စစ်ကိုင်း မျက်မမြင်ကျောင်း၊ မန္တလေး နားမကြားကျောင်း၊ မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းတို့မှာ Computer ကို ကိုင်တွယ်အသုံးပြုနိုင်နေကြပြီဖြစ်သည်မှာလည်း အလွန်ပင် ဝမ်းမြောက်ဂုဏ်ယူဖွယ်ကောင်းကြောင်း။

## ဆက်ဆံရေးကဏ္ဍ ပိုမိုကျယ်ပြန့်

ထို့အပြင် နားမကြားသူအားလုံးအတွက် "လက်ဟန်ပြ ဘာသာစကား (Sign Language)" ကို တစ်ပုံစံတည်းဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နားမကြားသူများအတွက် "လက်ဟန်ပြ ဘာသာစကား (Sign Language Dictionary)" စာလုံးရေ ၆၉၃လုံးပါဝင်သည့် စာအုပ်အတွဲ(၁)ကို အတည်ပြုပြီးဖြစ်သည့်အတွက် စာအုပ်ထုတ်ဝေရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ စာလုံးရေ ၈၀၀ခန့် ပါဝင်မည့် အတွဲ(၂)ကိုလည်း ဆက်လက်ပြုစုနေပြီဖြစ်ကြောင်း၊ ယင်းအဘိဓာန်စာအုပ်ကို ထုတ်ဝေနိုင်ခြင်းအားဖြင့် နားမကြားသည့် ကလေးများကို ပညာသင်ကြားပေးသည့်နေရာတွင်ရော ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့်ပြောဆို ဆက်သွယ်သည့်အခါမှာပါ ပိုမိုထိရောက် လွယ်ကူစေပြီး နားမကြားသူများ၏ ဆက်ဆံရေးကဏ္ဍကို ပိုမိုကျယ်ပြန့်စွာ မြှင့်တင်ပြီး ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ကြောင်း။

## အရှိန်အဟုန်မြှင့်ဆောင်ရွက်

မြန်မာနိုင်ငံအတွင်းတွင် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည့်အပြင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံ အပါအဝင် နိုင်ငံတကာနှင့် ဒေသအတွင်း အားကစားပြိုင်ပွဲများ၊ စွမ်းရည်ပြိုင်ပွဲများတွင် တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ပြီး မသန်စွမ်းသူများ၏ စွမ်းပကားကို ပြသနိုင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်သည် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ အားကစားကော်မတီ၏ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး ဒေသဆိုင်ရာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အပြင် နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်း အားကစားသမားများစွာ ပေါ်ထွက်အောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ထူးချွန်မသန်စွမ်းများကို ထူးချွန်မှုစွမ်းရည်များအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများက အသိအမှတ်ပြုဂုဏ်ပြုဆုချီးမြှင့်ပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နှစ်စဉ်အောက်တိုဘာလ ၁၅ရက်နေ့တိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးပြီး အပြည်ပြည်ဆိုင်ရာ မျက်မမြင်များ လမ်းလျှောက်တုတ်နေ့ကို ကျင်းပလျက်ရှိရာတွင် ယခုနှစ်တွင် (၁၅)ကြိမ်မြောက်ခဲ့ပြီးဖြစ်ကြောင်း၊ နှစ်စဉ် မျက်မမြင်ကျောင်းသူ ကျောင်းသားပေါင်း ၇၀၀ ကျော် ပါဝင်ဆင်နွှဲလျက်ရှိသည့်အတွက် ပြည်သူလူထု၏ မျက်မမြင်များအပေါ် နားလည်စာနာမှု၊ အသိအမှတ်ပြုမှုများ တိုးပွားဖြစ်ပေါ်စေလျက်ရှိကြောင်း။

## ပါဝင်ယှဉ်ပြိုင်

ယခု ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုများအဖြစ် မသန်စွမ်းသူအားကစားသမား ၅၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို ကျင်းပပေးခဲ့သကဲ့သို့ ရန်ကုန်မြို့ရှိ မသန်စွမ်း သင်တန်းကျောင်းအသီးသီးတွင်လည်း မသန်စွမ်းသူပေါင်း ၃၆၀ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မသန်စွမ်းသူများ စွမ်းရည်ပြိုင်ပွဲများကို ကျင်းပပေးနိုင်ခဲ့ကြောင်း။

ယင်းပြိုင်ပွဲအသီးသီးက ထူးချွန်သူများကို ယနေ့ အခမ်းအနားမှာ

ဆုချီးမြှင့်သွားမှာ ဖြစ်ကြောင်း၊ ထို့အပြင် မသန်စွမ်း သင်တန်းကျောင်းများက ဘက်စုံထူးချွန်သည့် ကျောင်းသား ၁၇ဦးနှင့် အဖွဲ့အစည်း အသီးသီးက ထူးချွန်သည့် မသန်စွမ်း ပုဂ္ဂိုလ်များကို လည်း ယနေ့အခမ်းအနားတွင် ဆုချီး မြှင့်သွားမှာ ဖြစ်ကြောင်း။

## လက်တွဲကြိုးပမ်း

ယခင်ခေတ်အခါက မသန်စွမ်း သူများကို အားနည်းသူများအဖြစ် ကူညီ စောင့်ရှောက်သည့် သဘောနှင့် ပြုစု စောင့်ရှောက်ခဲ့ကြသော်လည်း ယနေ့ အချိန်အခါတွင် မသန်စွမ်းသူများကို အခြားသော နိုင်ငံသူ၊ နိုင်ငံသားများ နည်းတူ လူမှုဘဝ သာယာစိုပြည်ရေး၊ လူမှုအခွင့်အရေး တန်းတူရည်တူ ခံစား နိုင်ရေး၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေ ရေးတို့အတွက် ဦးတည်ပြီး ပြုစု ပျိုးထောင်ပေးကြရမှာ ဖြစ်ကြောင်း၊ ထို့ကြောင့် မသန်စွမ်းသူများကို အခြား သော လူသားများနည်းတူ လူ့ဂုဏ် သိက္ခာနှင့် လူမှုအခွင့်အရေးများ အပြည့် အဝ ရရှိခံစားနိုင်စေရေး၊ ကိုယ့်အား ကိုယ်ကိုး ရပ်တည်နိုင်ရေး၊ မိမိဘဝ တိုးတက်ဖြစ်ထွန်းမှုအတွက် ကြိုးပမ်း ဆောင်ရွက်နိုင်ရေး၊ လူ့ဘောင်အဖွဲ့ အစည်းအတွင်း ပြန်လည်ဝင်ဆံ့ပြီး တန်ဖိုးရှိသည့် လူသားတစ်ဦးအဖြစ် နှင့် လူ့ဘောင်အဖွဲ့အစည်းကို ပြန်လည် ကျေးဇူးတုံ့ပြန်နိုင်ရေး တို့အတွက် နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ အားလုံးက တက်တက်ကြွကြွ ညီညီ ညွတ်ညွတ် ဆက်လက်လက်တွဲကြိုးပမ်း ဆောင်ရွက်ပေးကြပါဟု တိုက်တွန်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလို သည်မှာ–

- **မသန်စွမ်းသူများအနေနှင့် မိမိ တို့မှာ ရှိထားပြီးဖြစ်သည့် ကိုယ် ပိုင်အစွမ်းသတ္တိနှင့် စွမ်းရည် တို့ကို ဖော်ထုတ်ပြသပြီး ကိုယ့် အားကိုယ်ကိုး ရပ်တည်ကြိုးပမ်း သွားကြပါ၊**
- **မိမိ မိသားစုနှင့် မိမိပတ်ဝန်းကျင် အတွက် အထောက်အကူပြု နိုင်သူများဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြပါ၊**
- **နိုင်ငံတော် တည်ဆောက်ရေး တိုင်းကျိုးပြည်ဆောင် လုပ်ငန်း များမှာလည်း အခြားသော ပြည် သူများနှင့်တန်းတူ ပါဝင်ဆောင် ရွက်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ် အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ရန်ကုန်မြို့ရှိ ကုလ သမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေ ကိုယ်စားလှယ် Mr. Charles James Petric က ဖတ်ကြားသည်။

## ဆုများချီးမြှင့်

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဌာနဆိုင်ရာ အဖွဲ့အစည်း များမှ ထူးချွန် မသန်စွမ်းသူများဖြစ် ကြသော ဒေါင် မသန်စွမ်းကလေးများ ပြုစုရာရိပ်မြုံမှ ဒါရိုက်တာ ဒေါ်လီလီ ယန်ကြီး၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အဖွဲ့ချုပ်မှ ဦးသန်းလှိုင်၊ မန္တလေး နားမကြားသောကလေးများကျောင်းမှ ဦးသိန်းနိုင်၊ အောင်ပန်းမြို့ အခြေခံ ပညာအထက်တန်းကျောင်းမှ မအေး ချမ်းအောင်၊ မြစ်ကြီးနားမြို့ အခြေခံ ပညာအထက်တန်းကျောင်းမှ မောင် ကောင်းထက်စံနှင့် သီပေါမြို့နယ် နမ့်လန် အခြေခံပညာအထက်တန်း ကျောင်းမှ မောင်စိုင်းစိုးမိုးသူတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက မသန်စွမ်းကျောင်းများမှ ထူးချွန် မသန်စွမ်းသူများဖြစ်ကြသော မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှ မောင်ဟိန်းထက်၊ မသန်စွမ်းသက်ကြီး သင်တန်းကျောင်းမှ မောင်အောင်သူ၊ မန္တလေး နားမကြားသောကလေးများ ကျောင်းမှ မောင်အိုက်စံ၊ ကြည့်မြင် တိုင် မျက်မမြင်ကျောင်းမှ မညီညီအေး၊ စစ်ကိုင်း မျက်မမြင်ကျောင်းမှ မဇာဖြူ လွင်၊ မေရီချက်(ပ်)မင်းနားမကြားသော ကလေးများကျောင်းမှ မနော်ရှေးမြာနှင့် ခဝဲခြံမျက်မမြင်ကျောင်းမှ မခွန်ဆန် တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင် နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟို အလုပ်အမှုဆောင် ဒေါ်ထွေးထွေး ညွန့်က ပြင်ဦးလွင် မျက်မမြင်ကျောင်း မှ မောင်နိုင်မင်းထွန်း၊ မိတ္ထီလာ မျက် မမြင်ကျောင်းမှ မောင်ခင်မောင်သက်၊ ပခုက္ကူ မျက်မမြင်ကျောင်းမှ မောင်မြင့် စိုင်း၊ ဘုရားဖြူ ပရဟိတဂေဟာမှ မောင်သိန်းအောင်နှင့် အမှတ်(၁) တပ်မတော် အသက်မွေးမှု အတတ် ပညာသင်စခန်း (မော်ဘီ)မှ ဒုတိယ တပ်ကြပ်အောင်ဆန်းဦးတို့အားလည်း ကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက် ဌေးက အမှတ်(၂) တပ်မတော် အသက် မွေးမှု အတတ်ပညာသင်စခန်း (မိုင်း မော)မှ တပ်ကြပ်ကြီးကံချား၊ မြစ်ကြီး နား မျက်မမြင်ကျောင်းမှ မရန်ဘောက် ဂျာ၊ အကူအညီပေးရေးနှင့် ပြန်လည် ထူထောင်ရေးအသင်း (AAR) မှ မောင်ဆန်းဝင်း၊ ဒေါင်မသန်စွမ်းကလေး များ ပြုစုရာရိပ်မြုံမှ မသီရိမင်းဝေနှင့် စိန်မေရီ မျက်မမြင်အလုပ်ရုံမှ ဒေါ်အေး အေးမြင့်တို့အားလည်းကောင်း ဆုများ အသီးသီး ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားကို ခေတ္တ ရပ်နားပြီး ပြန်လည်ကျင်းပရာ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေက နိုင်ငံ တကာ ဉာဏ်ရည်မမီသောကလေးများ အားကစားပြိုင်ပွဲ Special Olympic International တွင် ပါဝင်ယှဉ်ပြိုင် ပြီး ဆုတံဆိပ်များရရှိခဲ့သော အဖွဲ့ နှစ်ဖွဲ့အားလည်းကောင်း၊ ၂၀၀၆ခုနှစ် ဇွန်လတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် မသန်စွမ်းသက်ငယ် ပြိုင်ပွဲ Special Olympic ဘောလုံး ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များ ရရှိခဲ့သော ဘောလုံး အားကစားအဖွဲ့အား လည်းကောင်း၊ ၂၀၀၆ခုနှစ် အောက်တိုဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်း မြို့၌ ကျင်းပခဲ့သည့် Special Olympic ဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင် ပွဲ၌ ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်ငါးခု နှင့် ကြေးတံဆိပ်နှစ်ခု ရရှိခဲ့ကြသော အားကစားအဖွဲ့အား လည်းကောင်း ဆုများချီးမြှင့်သည်။

ယင်းနောက် ၂၀၀၆ခုနှစ် အပြည် ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှု စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း များမှ ဌာနေကိုယ်စားလှယ်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေထံ ဒေါက်တာအောင် လွင်–ဒေါ်သက်စန္ဒာ (ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ်) တို့က လူမှု ဝန်ထမ်းဦးစီးဌာန သင်တန်းကျောင်း များမှ ၂၀၀၆ ခုနှစ် အခြေခံပညာ အထက်တန်းကျောင်းသား၊ ကျောင်းသူ ငါးဦးတို့အတွက် ပညာသင်စရိတ် အဖြစ် ငွေကျပ် ၁၀သိန်းကို ပေးအပ် လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေက မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ်မှ မဂင်ဂိုက်ဒင် နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းမှ မသူဇာဌေး တို့အတွက် Wheel Chair တစ်လုံးစီ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မသန်စွမ်းကလေး များက အဆို၊ အကများဖြင့် ဧည့်ခံ ဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။ **(သတင်းစဉ်)**

---

❐ *ကျောဖုံးမှ*

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အားပေးစကားပြောကြားရာတွင် ယခုသွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲသည် မြန်မာ–အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား ပထမဦးဆုံးအကြိမ် ကျင်းပသည့် ချစ်ကြည်ရေး မော်တော်ကားမောင်းပြိုင်ပွဲဖြစ်ကြောင်း၊ တပ်မတော်သားများ ဖြစ်ကြသည့်အလျောက် စည်းကမ်း၊ စိတ်ဓာတ်၊ ဖွဲ့လုံ့လ အပြည့်အဝထားရှိပြီး ကြိုးစားယှဉ်ပြိုင်ကြရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကိုမြှင့်တင်သွား ကြရန်ဖြစ်ကြောင်း၊ မြန်မာ–အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား အနိုင်အရှုံး အဓိကမထားဘဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်ဟူသော ရည်မှန်းချက်ဖြင့် ကြိုးပမ်းယှဉ်ပြိုင်ကြရန်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် အားပေးမှာကြားသည်။

## ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်မှူးကြီးစိန်သန်း ဦးဆောင်သည့် မြန်မာ့ တပ်မတော်မှ ကားမောင်းပြိုင်ပွဲဝင် တပ်မတော်သား ၁၁ဦး ပါဝင်သည့် အဖွဲ့ သည် မွန်းလွဲ ၂နာရီခွဲတွင် လေကြောင်းခရီးဖြင့် အိန္ဒိယသမ္မတနိုင်ငံသို့ ထွက်ခွာသွားကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

---

# ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ရာ၌ ပြည်သူများနှင့်အတူ တက်ကြွစွာပါဝင်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၃

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ၁ရက် နံနက်ပိုင်းက မန္တလေးတိုင်း တောင်သာမြို့နယ် နဘဲကန်ကျေးရွာ ရွာဦးကျောင်းသို့ရောက်ရှိ၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီတို့က ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တမန်နိတ္တအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

ထို့နောက် ကျောင်းမြက်ခင်းပြင်၌ နဘဲကန်ကျေးရွာဒေသနေ ပြည်သူ လူထုနှင့်တွေ့ဆုံပြီး ကျေးရွာ စည်းရုံး ရေးမှူးများက မိမိတို့ကျေးလက်ဒေသ အတွင်း သောက်သုံးရေရရှိရေး၊ စာသင် ကျောင်းများ ပြုပြင်ရေးတို့ကို ရှင်းလင်း တင်ပြကြသည်။

ဘဒ္ဒန္တနန္ဒဝံသထံမှ ငါးပါးသီလခံယူပြီး ပရိတ်တရားတော်များ နာယူကာ သံဃာတော်များအား လှူဖွယ်ပစ္စည်း များကို ဆက်ကပ်သည်။

ဆက်လက်၍ ပုညသဟာယ ဆွမ်းလောင်းအသင်းသို့ ဆွမ်းဆန် အိတ်၁၀၀၊ မြင်းခြံမြို့ ဘိုးဘွားရိပ်သာ လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည် ဖော်ရာတွင် ပြည်သူများနှင့်အတူ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရေး၊ ပြည်တွင်း ပြည်ပ အဆိုးမြင်ဝါဒီများ၏ မဟုတ်မမှန် သတင်းလွှင့်ထုတ်မှုများ အပေါ် အမှန်တရားဖြင့် တုံ့ပြန်သွား ရေး မှာကြားသည်။



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ် နဘဲကန်ကျေးရွာ ရွာဦးကျောင်းမြက်ခင်းပြင်၌ နဘဲကန်ကျေးရွာဒေသနေ ပြည်သူလူထုအား အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ဆွေးနွေးမှာကြား

ဆက်လက်၍ ကျေးရွာစည်းရုံး ရေးမှူး ဦးချစ်ပေါက အသင်းဝင် အဆို ပြုလွှာ ၅၀၀ကို ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းထံ ပေးအပ်ပြီး ဗဟို အတွင်းရေးမှူး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးကာ အသင်းဝင်များ ဖြစ်လာသည်နှင့်အညီ မိမိတို့ ကျေး လက်ဒေသပြည်သူများ၏ လိုအပ်ချက် များကို ပါဝင်ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် မြင်းခြံမြို့နယ် ချောင်းဒေါင်း ပရိယတ္တိစာသင်တိုက် သို့ရောက်ရှိ၍ ဝန်ကြီး ဦးအောင် သောင်း၊ ဇနီးနှင့် မိသားစုတို့က ဆွမ်းဆန်တော်နှင့် မြေလတ်ဂျစ်ကား လှူဒါန်းခြင်းအခမ်းအနားသို့ တက် ရောက်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းနှင့် ဇနီးတို့က သံဃာတော်များအားလှူဖွယ်ပစ္စည်းများ နှင့် ဆွမ်းဆန်တော်အိတ် ၈၀ကို လည်း ကောင်း၊ ဆရာတော် ဘဒ္ဒန္တကေလာသ ထံ မော်တော်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လည်းကောင်း ပေးအပ်လှူဒါန်းပြီး ဆရာတော်က လှူဒါန်းမှု အစုစုအတွက် ရေစက်ချ အမျှဝေသည်။

## လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် မြင်းခြံမြို့ ပုညသဟာယ ဆွမ်းလောင်း အသင်းရုံးသို့ ရောက်ရှိ၍ မြင်းခြံမြို့ ဇောတိကာရုံကျောင်းတိုက်ဆရာတော် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သို့ အာဟာရဆန်အိတ် ၈၀၊ စာဖြေ သံဃာများအတွက် ဆွမ်းဆန်အိတ် ၃၀တို့ကို လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်း ရေးမှူးသည် တောင်သာမြို့နယ် ဖျိုင်း အင်းကျေးရွာ သောင်ကြီးအထက် ကျောင်းသို့ရောက်ရှိ၍ ဆရာတော် ဘဒ္ဒန္တဓမ္မိကသို့ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ပြီး ဗဟိုအတွင်းရေးမှူး ဦးအောင် သောင်းထံ ဒေသခံပြည်သူတစ်ဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အသင်းဝင်အဆိုပြုလွှာ ၅၀၀ကို ပေးအပ်သည်။

## တက်ကြွစွာပါဝင်

ဆက်လက်၍ ကျေးရွာစည်းရုံး ရေးမှူးများက ကျေးလက်ဒေသ၏ လိုအပ်ချက်များနှင့်ပတ်သက်၍ တင်ပြ ရာ ဗဟိုအတွင်းရေးမှူး ဦးအောင် သောင်းက ဖြည့်ဆည်းဆောင်ရွက် ပေးပြီး အသင်းဝင်များဖြစ်လာသည် နှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ကျေးရွာ ပြည်သူများ ရေကြည်ရေသန့် ရရှိရေး အတွက် အောင်သိဒ္ဓိမင်္ဂလာကန်တော် ပြုပြင်ရန်အတွက် ငွေကျပ်သိန်း၂၀ကို လည်းကောင်း၊ အလှူရှင် ဦးငြိမ်းက အလှူငွေကျပ်ငါးသိန်းကိုလည်းကောင်း လှူဒါန်းကာ အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

ဗဟိုအတွင်းရေးမှူး ဦးအောင် သောင်းသည် တောင်သာမြို့နယ် ဝဲလောင်ရှိ ရွှေဥမင်စေတီသို့ ရောက် ရှိ၍ ညောင်ရမ်းခေတ် ရှေးဟောင်း ရုပ်ပွားတော်အား ဖူးမြော်ကန်တော့ပြီး ကျောက်ကာဘောလုံးကွင်း၌ ကျင်းပ သည့် တတိယအကြိမ် ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဘောလုံး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကာ ဗိုလ်လုပွဲ၌ ဗိုလ်စွဲခဲ့သော ကျောက်ကာ ဘောလုံး အသင်းအား ဆုများပေးအပ်ချီးမြှင့် ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# တောင်တွင်းကြီးမြို့နယ်အသင်း သင်းလုံးကျွတ်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

တောင်တွင်းကြီးမြို့နယ် အသင်း (ရန်ကုန်)၏ အကြိမ်(၂၀)မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီး ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရွှေတိဂုံ တောင်ဘက်မုခ်အနီး သစ် လုပ်ငန်းဓမ္မာရုံ၌ ဒီဇင်ဘာ ၃၁ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ကျင်းပ မည်ဖြစ်ရာ အသက်၇၅နှစ်နှင့် အသင်း ဝင်ဇနီး၊ ခင်ပွန်းနှင့် နှစ်ဖက်မိဘများ၊ အသင်းဝင် သားသမီးများမှ ၂၀၀၅နှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ဂုဏ်ထူးရသူများ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း) ဖုန်း– ၆၉၉၆၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး ဖုန်း–၆၅၁၉၄၃၊ ဘဏ္ဍာရေးမှူး ဒေါ်မိမိ ခိုင် ဖုန်း– ၆၄၀၈၆၈တို့သို့ ဖြစ်စေ၊ နီးစပ်ရာ အမှုဆောင်များထံဖြစ်စေ ဆက်သွယ်စာရင်းပေး အလှူငွေများ ထည့်နိုင်ကြောင်း၊ အသင်းဝင်နှင့် ဝင်မည့်သူများပါ တက်ရောက်နိုင် ကြောင်း သိရသည်။ **(က–ပ)**

---

# သာယာမည်

**ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက် ယနေ့ သာယာ မည်။**

---

✻ *ကျောဖုံးမှ*

## ကြည့်ရှုစစ်ဆေး

ညနေပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့ သည် မွန်ပြည်နယ် ပေါင်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော ကတိုက် ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိ ကြပြီး ပင်မတမံ ရေထိန်းမျှော်စင်နှင့် ရေပိုလွှဲတည်ဆောက်မှု လုပ်ငန်းများ နှင့် ကန်အတွင်းရေသိုလှောင်ထားမှု၊ ဆည်ရေလှောင်တမံ ဝန်းကျင်တွင် ရော်ဘာစိုက်ခင်းများ စိုက်ပျိုးထားမှုနှင့် ကျောက်ထုတ်လုပ်မှုများကို ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းဆောင်တွင် ဆည် မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှဘော်က စီမံ ကိန်းလုပ်ငန်းများဖြစ်သည့် ပင်မတမံ၊ ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်နှင့် ရေ ပိုလွှဲတည်ဆောက်မှု ရေသောက်ရေယာ တူးမြောင်းစနစ် တည်ဆောက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

## ဆွေးနွေးမှာကြား

ဝန်ကြီးက လုပ်ငန်းများ သေသပ် ခိုင်ခံ့စွာဖြင့် တည်ဆောက်ရေး မှာကြား ပြီး ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီများနှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေးကိစ္စများ ဆွေးနွေးမှာကြား သည်။

ကတိုက် ရေလှောင်တမံသည် မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက် ကျေးရွာအထက် နှစ်မိုင်ခန့်တွင် ကတိုက်ချောင်းပေါ်၌ တည်ရှိပြီး တမံ အမြင့် ၁၃၄ ပေ၊ တမံအလျား ၅၂၀၀ ပေရှိသည်။ ရေထုတ်ပြွန်မှာ အလျား ပေ ၆၅၀ ရှိပြီး ၄ ပေ X ၆ ပေ၊ ရေထုတ်ပြွန်နှစ်ပေါက်ပါရှိကာ ရေအား လျှပ်စစ်ထုတ်ရန် နှစ်ပေ သံမဏိပိုက် တပ်ဆင်ထားသည်။ ရေပိုလွှဲမှာ အလျား ပေ ၈၁၀၊ အကျယ် ပေ၆၀ ရှိသည်။ ကန်ရေပြည့် ရေသိုလှောင်နိုင်သည့် ပမာဏမှာ ဧကပေ ၅၆၀၀၀ ဖြစ်သည်။ ရေပေးနိုင်သည့်ဧကမှာ ၁၀၀၀၀ ဖြစ် သည်။

ယခုအခါ တမံအရှည် ပေ၅၂၀၀ ၌ တမံအမြင့် ၁၀၁ ပေအထိ မြေဖို့ ပြီးဖြစ်သည်။ ရေပိုလွှဲနှင့် ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်တို့သည် ၉၅ရာခိုင်နှုန်း လုပ်ငန်းပြီးစီးနေပြီး ကန်အတွင်း၌ ရေဧက ၁၂၁၈၂ပေ သိုလှောင်ထားပြီး ဖြစ်သည်။ ကျန်ရှိသည့် လုပ်ငန်းများကို အချိန်မီ ပြီးစီးရန် လူအင်အား၊ စက် အင်အားတို့ဖြင့် နေ့ညလုပ်ငန်း ဆောင် ရွက်လျက်ရှိသည်။ ပြီးစီးသော ဆည်ရေ သောက်စနစ်မှ ယခုနှစ်တွင် နွေစပါး စိုက်ပျိုးရေ စတင်ပေးဝေနိုင်မည်ဖြစ် ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# ပါတီအပေါ် ထောက်ခံမှု၊ စိတ်ဝင်စားမှုမရှိ ဒီပဲယင်းမြို့နယ် NLD ပါတီဝင်တစ်ဦးနုတ်ထွက်

**ရန်ကုန် ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်တစ်ဦးဖြစ်သည့် အောင်ချမ်းသာကျေးရွာမှ ဦးသံချောင်းသည် စက်တင်ဘာ ၂၃ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း၊ မိမိ၏ဆန္ဒအလျောက် နုတ်ထွက်စာရေးသားပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာပေးပို့ နုတ်ထွက်ခဲ့သည်။

ဒီပဲယင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ရပ်များကြောင့် NLD ပါတီအပေါ် ထောက်ခံမှု၊ စိတ်ဝင်စားမှုမရှိ တော့ကြောင်း၊ ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ်တွင်လည်း ယုံကြည် အားထားမှု မရှိတော့ကြောင်း၊ ထို့အတွက် မိမိဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

# မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်း

## စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်း သီတင်းတစ်ပတ်အတွင်း ဖြစ်ပွားခဲ့သော ထူးခြားဖြစ်စဉ်အချို့ကို မြန်မာ့အလင်းပရိသတ်အတွက် ကောက်နုတ်စုစည်း ဖော်ပြလိုက်ပါသည်။

**နိုဝင်ဘာ ၂၇ ရက်**

- ဘရာဇီးနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၀၀ သာ တန်ဖိုးရှိသော ကွန်ပျူတာများကို ကျောင်းသားများအတွက် စတင် ရောင်းချပေးမည်ဖြစ်ရာ ပထမအသုတ်အနေဖြင့် ကွန်ပျူတာအလုံးတစ်သန်းကို ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ကွန်ပျူတာအလုံးငါးသန်းအထိ ဈေးသက်သာစွာ ရောင်းချပေးမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူးဇ်အီနာစီရိုလူလာ ဒါစီလ်ဗာက ပြောကြားလိုက်သည်။
- နိုင်ငံ၏လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့တွင် နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတစ်ခုကို တည်ဆောက်နေပြီဖြစ်ရာ ပြီးစီးတော့မည်ဖြစ်ကြောင်း တောင်အာဖရိကနိုင်ငံမှ မီဒီယာများကဖော်ပြသည်။(ယာပုံ)



**နိုဝင်ဘာ ၂၈ ရက်**

- ဥရောပနိုင်ငံ အများအပြားတွင် ခွေးနှင့်ကြောင်များအား ကုန်သွယ်ရောင်းချခြင်း ပိတ်ပင် တားမြစ်လိုက်သည်။ ထိုသို့ပိတ်ပင်ရခြင်းမှာ ခွေးနှင့်ကြောင် သားမွေးများကို ကုန်သွယ် ရောင်းချခြင်းကြောင့် နှစ်စဉ် အကောင်ရေနှစ်သန်းခန့် သတ်ဖြတ်ခံနေရ၍ ဖြစ်ကြောင်း၊ ၎င်းခွေးနှင့်ကြောင်သားမွေးများကို ဦးထုပ်များ၊ လက်အိတ်၊ ရှူးဖိနပ်၊စောင်၊ တိရစ္ဆာန်အရုပ်များ ပြုလုပ်နေကြမှုကို ရပ်တန့်သွားစေရန် ယခုကဲ့သို့ တားဆီးရခြင်းဖြစ်ကြောင်း သိရသည်။
- ကမ္ဘာတစ်ဝန်းတွင် ဆေးဝါးအတုများ ရောင်းချနေမှုမှာ ၂၀ ရာခိုင်နှုန်းခန့်ရှိနေရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က နိုင်ငံတကာမှ အဖွဲ့အစည်း ၂၀ကျော်နှင့် ပူးပေါင်းကာ ဆေးဝါးအတု တိုက်ဖျက်ရေးကို အများပြည်သူတို့အား အကာအကွယ်ပေးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

**နိုဝင်ဘာ ၂၉ ရက်**

- ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ နယာမူလာဂီရာမီးတောင် ပေါက်ကွဲမှုဖြစ်ပွားရာ ချော်ရည်များ၊ ကျောက်တုံးကျောက်ခဲများ၊ မီးတောက်မီးလျှံများ ထွက်ရှိခဲ့မှုကြောင့် မီးတောင်အနီးဝန်းကျင်တွင် နေထိုင်ကြသူ ဒေသခံများအား ဘေးကင်းရာသို့ အလျင်အမြန်ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ကျေးရွာနှစ်ရွာခန့် မီးတောင်ပေါက်ကွဲမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရကြောင်း ကွန်ဂိုနိုင်ငံရှိ မီးတောင်လှုပ်ရှားမှုဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။
- ပါကစ္စတန်နိုင်ငံက နျူကလီးယား ထိပ်ဖူးတပ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်လိုက်သည်။ အဆိုပါ ဒုံးကျည်သည်သတ်မှတ်ထားသော အကွာအဝေးနှင့်ပစ်မှတ်ကို ထိမှန်ခဲ့သဖြင့် ယခု စမ်းသပ်ပစ်ခတ်မှုအောင်မြင်ကြောင်း ပါကစ္စတန်နိုင်ငံက သတင်းထုတ်ပြန်သည်။

**နိုဝင်ဘာ ၃၀ ရက်**

- ဖန်ယွမ်-၂ဟု အမည်ပေးထားသော မိုးလေဝသဆိုင်ရာ သတင်းအချက်အလက် ထုတ်ပြန်နိုင်သည့် ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ဒီဇင်ဘာ ၈ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံက သတင်းထုတ်ပြန်လိုက်သည်။ ယခုလွှတ်တင်မည့် မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ ဂြိုဟ်တုသည် တရုတ်နိုင်ငံအတွက် ဒုတိယမြောက်ဂြိုဟ်တုဖြစ်ပြီး ပထမဂြိုဟ်တုကို ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၉ ရက်က ပစ်လွှတ်ခဲ့ကြောင်းသိရသည်။
- အရှေ့အလယ်ပိုင်းကိစ္စရပ်များကိုဖြေရှင်းရာတွင် အိန္ဒိယနိုင်ငံပါဝင်ဆောင်ရွက်သင့်ကြောင်း၊ အိန္ဒိယနိုင်ငံက တက်ကြွစွာ ပါဝင်ကူညီဖြေရှင်းပါက အောင်မြင်မှုများရရှိရာတွင် အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ-၂ဘင်အယ်ဟူစိန်က တိုက်တွန်းလိုက်သည်။

**ဒီဇင်ဘာ ၁ ရက်**

- ဂျပန်မင်းသမီးလေး အိုက်ကို၏ ငါးနှစ်မြောက် မွေးနေ့ကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည်။ အိုက်ကို၏မွေးနေ့ကို ဂျပန်ပြည်သူတို့က အသိအမှတ်ပြုအထိမ်းအမှတ်အရုပ်များ ပြုလုပ်ချိတ်ဆွဲခဲ့ကြသည်။ အိုက်ကို၏မွေးနေ့ပွဲသို့ ဂျပန်တော်ဝင်မိသားစုအားလုံး တက်ရောက်ခဲ့ကြပြီး မကြာမီကမွေးဖွားခဲ့သော ဂျပန်မင်းသားလေးဟီဆာဟီတိုလည်း မိဘများနှင့်အတူ တက်ရောက်ခဲ့သည်။
- ကမ္ဘာတစ်ဝန်းတွင် "ကမ္ဘာ့အေအိုင်ဒီအက်စ်"နေ့အခမ်းအနားများ ကျင်းပသည်။ အေအိုင်ဒီအက်စ်ရောဂါကြောင့် တောင်အာဖရိကတွင် နေ့စဉ်လူ၉၅၀ခန့်သေဆုံးနေပြီး အများဆုံးသေဆုံးသူများမှာ အသက်၁၅နှစ်မှ ၄၉ နှစ်အတွင်းရှိ လူများဖြစ်ကြောင်း၊ တောင်အာဖရိကတွင် လူဦးရေ၄၇သန်းရှိရာ လာမည့်၁၀နှစ်တွင် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားသူ ၅ဒသမ ၄ သန်းအထိရှိလာမည်ဖြစ်ရာ နိုင်ငံလူဦးရေ၏ ၁၁ ရာခိုင်နှုန်းခန့်ရှိမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြုစုထားသော သုတေသနပြုချက်၌ ဖော်ပြထားသည်။

**ဒီဇင်ဘာ ၂ ရက်**

- တရုတ်နိုင်ငံသည် လာမည့်ငါးနှစ်အတွင်း ကမ္ဘာ့နိုင်ငံပေါင်း၁၅၂နိုင်ငံနှင့်အတူ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပြန်အလှန်ပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ကမ္ဘာ့နိုင်ငံပေါင်း ၉၉နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုစာချုပ် ချုပ်ဆိုထားနိုင်ပြီဖြစ်ကြောင်း တရုတ်နိုင်ငံ၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာဝန်ကြီး ကူဂန်ဟွာက ပြောကြားလိုက်သည်။
- ကမ္ဘောဒီးယားနိုင်ငံတွင် ဆေးလိပ်သောက်မှုကြောင့် တစ်နှစ်လျှင် လူခုနစ်သောင်းကျော်သေဆုံးရလျက်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပူးပေါင်းထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

**ဒီဇင်ဘာ ၃ ရက်**

- အိန္ဒိယနိုင်ငံတွင် မီးရထားတစ်စင်းဖြတ်သန်းစဉ် တံတားတစ်စင်းပြိုကျခဲ့မှုကြောင့် ခရီးသည် ၃၃ ဦးသေဆုံးခဲ့ရသည်။ အဆိုပါတံတားသည် ဘီဟာပြည်နယ်အရှေ့ပိုင်းတွင် လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ခန့်က တည်ဆောက်ထားခဲ့သောတံတားဖြစ်သည်။



- ဥရောပလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီအင့်စ်က အေ-၃၅၀အမျိုးအစားလေယာဉ်အသစ်(အပေါ်ပုံ) ကို ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ၎င်းလေယာဉ်သည် ခရီးသည် ၃၅၀ တင်ဆောင်နိုင်ပြီး ခရီးသည်များအတွက် လုံခြုံမှု၊ သက်သောင့်သက်သာရှိမှုများ ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ ။ (အင်တာနက်)

---

# ရုံးခန်းများ၌ ထိုင်ခုံတွင်ထိုင်၍ အလုပ်လုပ်နေသူများ ခန္ဓာကိုယ်အပေါ်ပိုင်းနှင့်အောက်ပိုင်း ၁၃၅ ဒီဂရီအနေအထားဖြင့် ထိုင်သင့်

ကမ္ဘာတစ်ဝန်းရှိ ရုံးဝန်ထမ်းများသည် မိမိတို့၏ရုံးခန်းများတွင် အလုပ်လုပ်ကိုင်စဉ် ထိုင်ရသောထိုင်ခုံများ၏ အနေအထားမှာ အကောင်းဆုံး အခြေအနေမရှိကြောင်း သုတေသနဆန်းစစ်ချက်တစ်ရပ်၌ ဖော်ပြလိုက်သည်။

### စနစ်မှန်ကန်

ဝန်ထမ်းများ အလုပ်လုပ်ကိုင်ချိန်၌ ထိုင်ခုံအနေအထား ကောင်းမွန်မှုနှင့် ထိုင်ပုံထိုင်နည်း စနစ်မှန်ကန်မှုသည် အရေးကြီးသည်ဖြစ်ရာ ထိုင်ခုံများ၏ နောက်အမှီမှာ ထိုင်ခုံအခင်းမျက်နှာပြင်နှင့် ၁၃၅ ဒီဂရီ စောင်းထားရမည်ဖြစ်ကြောင်း၊ ထိုင်သူအနေဖြင့် လည်း မိမိကိုယ်ခန္ဓာအပေါ်ပိုင်းနှင့် အောက်ပိုင်းသည် ၁၂၅ ဒီဂရီရှိအောင် ထိုင်ကြရမည်ဖြစ်ကြောင်း မြောက်အမေရိကမှ သုတေသနပညာရှင်များအဖွဲ့ကပြောကြားသည်။

### ဖြစ်ပွားနိုင်

ထိုသို့စနစ်တကျတည်ဆောက်ထားသော ထိုင်ခုံနှင့် ထိုင်ပုံထိုင်နည်းစနစ်မှန်ကန်ပါမှ ခန္ဓာကိုယ်နာကျင်မှုမရှိနိုင်ကြောင်း ၎င်းတို့ကပြောကြားသည်။

အဆိုပါပညာရှင်များ၏ သုတေသနပြုချက်အရ ကမ္ဘာတွင်အလုပ်လုပ်ကိုင်လျက်ရှိသော လူဦးရေ၏ ၃၂ ရာခိုင်နှုန်းသည် တစ်နေ့လျှင် ၁၀ နာရီခန့် ထိုင်ခုံများတွင်ထိုင်ကာ အလုပ်လုပ်ကြကြောင်း ဖော်ပြထားသည်။ ၎င်း ၃၂ ရာခိုင်နှုန်းသော လူဦးရေ၏ထက်ဝက်ခန့်မှာမိမိစားပွဲမှမခွာဘဲ နေ့လယ်စာစားသုံးနေကြကြောင်း ဆက်လက်ဖော်ပြထားသည်။

အလုပ်လုပ်ကိုင်နေစဉ် လူအတော်များများသည် ထိုင်ခုံမှ မိမိခန္ဓာကိုယ်အား ရှေ့သို့ ၇၀ ဒီဂရီခန့်လည်းကောင်း၊ အချို့က ၉၀ ဒီဂရီခန့် မတ်မတ်ထား၍လည်းကောင်း ထိုင်ပြီး အလုပ်လုပ်ကြခြင်းမှာမှားယွင်းနေကြောင်း၊အနည်းဆုံး မိမိခန္ဓာကိုယ် အပေါ်ပိုင်းနှင့် ထိုင်နေသည့်ခါးအောက်ပိုင်းသည် ၁၂၅ ဒီဂရီကျော် အနေအထားဖြင့် ထိုင်သင့်ကြောင်း၊ ထိုင်ခုံများလည်း ထိုသို့ပုံစံအတိုင်း ပြုလုပ်ကြရမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံ အယ်ဘာတာတက္ကသိုလ်မှ သုတေသနပညာရှင် ဒေါက်တာဝါဆင်းဘာရှာက အကြံပြု ပြောကြားသည်။ **(ကိုးကား-အင်တာနက်)**



**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

---

# ကော့ကရိတ်မြို့နယ် မင်းရွာစံပြ ကျေးရွာအလက ငွေရတုမြတ်ဆရာပူဇော်ပွဲ အခမ်းအနားကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

ကော့ကရိတ်မြို့နယ်အလကမင်းရွာစံပြကျေးရွာ၏ (၂၅)နှစ်ပြည့်ငွေရတုသဘင်အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၂၃ရက်တွင် ကျင်းပမည်ဖြစ်ရာ ယခင် အမက(မင်းရွာ)၏ ၁၉၅၄ ခုနှစ်မှ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများနှင့် ၁၉၈၁ ခုနှစ် အလက ကျောင်းဖြစ်မြောက်ပြီးမှ ၂၀၀၆ခုနှစ် အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆရာ ဆရာမများ အပူဇော်ခံကြွရောက်နိုင်ရန်နှင့် ကျောင်းသား ကျောင်းသူဟောင်း/သစ်များ၊အလှူရှင်များ ပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အလှူငွေထည့်ဝင်လိုပါက ဦးမင်းအေးဖေ ဖုန်း-၀၉-၅၁-၁၂၁၅၄(ရန်ကုန်၊ မန္တလေး)၊ မိညွှန့်တင် ဖုန်း-၀၅၇-၂၁၃၈၅(မော်လမြိုင်)နှင့် ဦးမင်းငွေထွန်း ဖုန်း-၀၉-၅၃၂၁၂၀၈ (မင်းရွာ၊ ကော့ကရိတ်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

---

# ပထမအကြိမ် ပြည်နယ်နှင့်တိုင်း ဂူရှူးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃

မြန်မာနိုင်ငံဂူရှူးအားကစားအဖွဲ့ချုပ်ကကြီးမှူး၍ ပထမအကြိမ် ပြည်နယ်နှင့်တိုင်း ဂူရှူးပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

### ပါဝင်မည်

ပြိုင်ပွဲတွင် ထောက်လုအားကစားနည်း၌ အသက်(၁၂)နှစ်အောက်နှင့် အသက်(၁၂)နှစ်အထက် အမျိုးသား အမျိုးသမီးပြိုင်ပွဲ ဆန်းဆိုအားကစားနည်း၌ အသက်ကန့်သတ်ချက်မရှိဘဲ ကီလိုတန်းအလိုက် အမျိုးသား အမျိုးသမီး ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

### စာရင်းသွင်း

ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်းအသင်းများအနေဖြင့် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားကြရန်နှင့် ဒီဇင်ဘာ၂၀ရက် နောက်ဆုံးထား၍ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ မြန်မာနိုင်ငံဂူရှူးအားကစားအဖွဲ့ချုပ်သို့ ဆက်သွယ်စာရင်းပေးသွင်းကြရမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# စီအင်န်ဂျီဆိုင်များ၌ဓာတ်ငွေ့ ဖြည့်သွင်းမှုမြန်ဆန်ရေးဆောင်ရွက် တက္ကသိုလ် ကြို/ပို့ ယာဉ်များ ကျောင်းဖွင့်ချိန်အမီပြေးဆွဲ

ရန်ကုန် ဒီဇင်ဘာ ၃

**ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၁ ရက် ညနေ၅နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း တက်ရောက် အမှာစကားပြောကြားသည်။**

## စနစ်တကျလိုက်နာ

ရှေးဦးစွာ ရန်ကုန်တိုင်းလမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းက အမှာစကား ပြောကြားရာတွင် ရန်ကုန်မြို့တွင်းရှိ စီအင်န်ဂျီအရောင်းဆိုင်များ၌ မော်တော်ယာဉ်များ ဓာတ်ငွေ့ ဖြည့်သွင်းရန် စောင့်ဆိုင်းရသည့် အချိန်ကြာမြင့်လာသည်နှင့်အမျှ မြို့တွင်းပြေးဆွဲလျက်ရှိသည့် ယာဉ်စီးရေ လျော့နည်းစေပြီး မှတ်တိုင်များ၌ ခရီးသည်များစုပြုံလာခြင်းကြောင့် စီအင်န်ဂျီ အရောင်းဆိုင်များ၌ ဓာတ်ငွေ့ဖြည့်သွင်းမှု မြန်ဆန်စေရေး၊ စက်ပစ္စည်းများ ချို့ယွင်းမှု မရှိစေရေးနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု မဖြစ်ပေါ်စေရေး တာဝန်ရှိသူများက စီစဉ်ကြပ်မတ် ဆောင်ရွက်ပေးကြရန်၊ မြို့တော်အင်္ဂါရပ်နှင့် မညီညွတ်သည့် မော်တော်ယာဉ်များကို စနစ်တကျ ပြုပြင်မောင်းနှင် စေရေးနှင့် သတ်မှတ်စည်းကမ်း အတိုင်း မလိုက်နာသည့် မော်တော်ယာဉ်များနှင့် ယာဉ်မောင်းများကို ထိရောက်စွာအရေး ယူရေး၊ တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရန် ယာဉ် စည်းကမ်း ချိုးဖောက်မှုများအနက် ယာဉ်တိုက်မှုဖြစ်ပွားပြီး ယာဉ်မောင်း ထွက်ပြေးမှုများနှင့် ထိခိုက်ဒဏ်ရာ ရရှိမှုများ ပိုမိုများပြားလာသည်ကို တွေ့ ရှိရ၍ ယာဉ်စည်းကမ်း ထိန်းသိမ်း ရေး ကြီးကြပ်မှုကော်မတီက ယာဉ် စည်းကမ်း ချိုးဖောက်မှုများကို ထိထိ ရောက်ရောက် အရေးယူကြပ်မတ် ဆောင်ရွက်ကြရန်၊ အနေးယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစနစ် တကျ လိုက်နာကြစေရေး ပညာပေး ခြင်းနှင့် အရေးယူခြင်းလုပ်ငန်းများ ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြ ရန်နှင့် တက္ကသိုလ်၊ ကောလိပ်များ မကြာမီပြန်လည်ဖွင့်လှစ်တော့မည် ဖြစ် ၍ ကြို/ပို့ယာဉ်များ ယခင်အတိုင်း ပုံမှန်ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက် ကြရန် ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တက္ကသိုလ် ကောလိပ်များမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန် ရှိသူများက တက္ကသိုလ်၊ ကောလိပ် ကြို/ ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်း သိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မော်တော်ယာဉ်များကို စီအင်န်ဂျီ သဘာဝဓာတ်ငွေ့ ရောင်းချ ပေးမှု အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြ ချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည် များ စီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်း အဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြည်တွင်းရေနံထုတ်လုပ်မှု တိုးတက်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားလုပ်ကိုင်

နေပြည်တော် ဒီဇင်ဘာ ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ၁ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း မင်းလှမြို့နယ်ရှိ ထန်းကိုင်း အစမ်းတွင်းဒေသသို့ ရောက်ရှိစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးအား ရှင်းလင်း ဆောင်၌ ထန်းကိုင်း အစမ်းတွင်း ဒေသစီမံကိန်းမန်နေဂျာ ဦးဝင်းဆွေက ပေတိမ်တွင်းတူးစက်များဖြင့် တူးဖော် ထုတ်လုပ်နေမှု အခြေအနေကို တင်ပြ ပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်က ပေတိမ်၊ ပေလတ်၊ ပေနက်တွင်းတူးစက်များ အသုံးပြုပြီး အဆင့်အလိုက် ရေနံနှင့် သဘာဝ ဓာတ်ငွေ့ရှာဖွေတူးဖော်မည့် အစီအစဉ် များကို ရှင်းလင်းတင်ပြသည်။

## ဂုဏ်ပြုငွေချီးမြှင့်

ယင်းနောက် ဝန်ကြီးက ထန်းကိုင်း အစမ်းတွင်းဒေသ၌ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ရှာဖွေသည့် စီမံကိန်းသည် ပြည်တွင်းရေနံထုတ်လုပ်မှု တိုးတက် ရေးအတွက် အထောက်အကူဖြစ်စေ ရန် အဓိကမျှော်မှန်း အကောင်အထည် ဖော်လျက်ရှိသည့် လုပ်ငန်းဖြစ်သဖြင့် ဝန်ထမ်းများအနေနှင့် ကိုယ်စွမ်းဉာဏ် စွမ်းရှိသမျှ ကြိုးစားစေလိုကြောင်းဖြင့် ပြောကြားပြီး ထန်းကိုင်း အစမ်းတွင်း ဒေသများကို ရေနံမြေသစ်တစ်ခု ဖြစ် ပေါ်လာရေး၊ အဆင့်အလိုက် တူးဖော် ဆောင်ရွက်ရမည့် အသေးစိတ်စီမံချက် များ ချမှတ်ပေးသည်။ ထို့နောက် ဝန်ကြီးက ကံထူး(၂) အစမ်းတွင်းကို အောင်မြင်စွာ ရေနံတူးဖော်ထုတ်လုပ် နိုင်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြု ငွေ ချီးမြှင့်သည်။

## ထုတ်လုပ်

ဝန်ကြီးသည် TM 6 ပေတိမ် တွင်းတူးစက်ဖြင့် အောင်မြင်စွာ ရေနံ တူးဖော်ထုတ်လုပ်နိုင်မှု အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** အဆိုပါ ကံထူးအမှတ်(၂) အစမ်းတွင်းမှ တစ်ရက်လျှင် ရေနံစည် ၅၀ခန့်ထွက်ရှိပြီး ထန်းကိုင်း အစမ်း တွင်းတစ်ခုလုံးအနေဖြင့် တစ်ရက်လျှင် ရေနံစည် ၂၀၀ခန့် ထုတ်လုပ်လျက်ရှိ ကြောင်း သိရသည်။

## ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဒီဇင်ဘာ၂ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက် ပါလျက် မကွေးတိုင်း မင်းဘူးမြို့နယ် မန်းရေနံမြေရှိ တွင်းအမှတ် (၆၅၅)သို့ ရောက်ရှိရာ မန်းရေနံမြေ အထွေထွေ မန်နေဂျာ ဦးကြည်ရှိန်က လက်ရှိ တွင်းတူးဖော်ပြင်ဆင်မှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တွင်းတူး ဖော်ပြင်ဆင်ခြင်းလုပ်ငန်းများကို သတ် မှတ်ရက်အတိုင်း ပြီးစီးရေး မှာကြားပြီး ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ် များကို ချမှတ်ပေးကာ D3 Type 2 တွင်းတူးစက်ဖြင့် တွင်းအမှတ် (၆၅၅) တူးဖော် ပြင်ဆင်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

## စိုက်ပျိုး

ယင်းနောက် ဝန်ကြီးသည် မန်း ရေနံမြေအတွင်း စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။ မန်း ရေနံမြေအတွင်း လက်ရှိဧက ၂၀တွင် ခြံစည်းရိုးကြက်ဆူပင် ၂၄၀၀၀ခန့် စိုက်ပျိုးထားပြီးကြောင်း သတင်းရရှိ သည်။

**(သတင်းစဉ်)**

# အိန္ဒိယမျက်လှည့် အကအဖွဲ့ဖျော်ဖြေ

**ရန်ကုန် ဒီဇင်ဘာ ၃**

နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်း ဖလှယ်ရေးနှင့် ချစ်ကြည်ရေးတိုးမြှင့် ဆောင်ရွက်မှုအစီအစဉ်အရ အိန္ဒိယ သမ္မတနိုင်ငံမှ Mr. Subhash Parekh ဦးဆောင်သော အဖွဲ့ဝင် ငါးဦးတို့ ပါဝင်သည့် မျက်လှည့် အကအဖွဲ့၏ ဖျော်ဖြေတင်ဆက်ပွဲကို ယမန်နေ့ ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ မြို့မကျောင်း လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေ တင်ဆက်သည်။

## တက်ရောက်ကြည့်ရှုအားပေး

အဆိုပါ ဖျော်ဖြေတင်ဆက်ပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mr. Rai Srivastava နှင့် သံရုံးအဖွဲ့ဝင်များ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဖိတ် ကြားထားသူများ၊ ညော့ပရိသတ်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ်ဒေါ်နန္ဒာမွန်းနှင့်ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံသံရုံးမှ ပထမအတွင်းဝန်တို့က ဆီမီးတိုင်ကို ထွန်းညှိပေးကြသည်။

## ဂုဏ်ပြုပန်းခြင်းပေးအပ်

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ မျက်လှည့်အကအဖွဲ့သည် အာရုံလှည့် ဖြားနိုင်သည့် မျက်လှည့်ပညာရပ်များ ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်ပွဲ အပြီးတွင် အိန္ဒိယသမ္မတနိုင်ငံ မျက်လှည့်အက အဖွဲ့အား အနုပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံသံရုံးမှ ပထမအတွင်းဝန်တို့က မျက်လှည့်အဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ကြသည်။

## ဖျော်ဖြေတင်ဆက်

အဆိုပါ အိန္ဒိယသမ္မတနိုင်ငံ မျက် လှည့်အကအဖွဲ့၏ ဖျော်ဖြေတင်ဆက်ပွဲ ကို ဒီဇင်ဘာ၄ရက် မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ မြို့မ ကျောင်းလမ်းရှိ အမျိုးသား ဇာတ်ရုံ၌ လည်းကောင်း၊ ဒီဇင်ဘာ၅ရက် ညနေ၆နာရီခွဲတွင် မန္တလေးမြို့ရှိ အမျိုးသားကဇာတ်ရုံ ၌လည်းကောင်း ဖျော်ဖြေတင်ဆက်သွား မည်ဖြစ်သည်။

**(သတင်းစဉ်)**

# ခရမ်းမြို့ အထက(၁) နှင့် (၂) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၃**

ခရမ်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ အငြိမ်းစားယူသွားကြသည့် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ခရမ်းမြို့ သကျမာရဇိန်သွန်းဘုရားကြီးအတွင်းရှိ သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လှူဒါန်းလိုသူများသည် ခရမ်းမြို့နယ် အသင်းရုံး ဖုန်း-၀၁-၅၄၉၃၃၉၊ ဒေါ်ခင်အေးယု ဖုန်း-၀၁-၅၄၂၀၂၉၊ ဦးသောင်းတင် ဖုန်း-၀၁-၂၀၀၄၆၉၊ ဦးအောင်သန်းဝင်း ဖုန်း-၀၁-၆၈၀၁၀၇၊ဦးသန်းငြိမ်း ဖုန်း-၀၁-၂၉၁၃၀၃နှင့် ဦးမြင့်စိုး ဖုန်း-၀၁-၃၉၃၁၈၃တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

အဆိုပါနေ့ နံနက် ၇ နာရီတွင် ခရမ်းမြို့နယ်အသင်းရုံးနှင့် ကြံ့ခိုင်ရေး ကားဂိတ်တို့၌ ကားများစီစဉ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

နွားထိုးကြီး မြို့နယ်သူ မြို့နယ် သားများ စုပေါင်း၍ နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော် သံဃာတော်များ၊ အသက် (၇၅) နှစ်အထက် သက်ကြီးများအား ပူဇော်ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများအား ဂုဏ်ပြုခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီ တွင် ရန်ကုန်မြို့ ဗဟန်း၃လမ်းထိပ်ရှိ သံယုတ်ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံသက် ကြီးပုဂ္ဂိုလ်များ၊ ဂုဏ်ထူးရကျောင်းသား များ စာရင်းပေးပို့ကြပါရန်နှင့် ပါဝင် လှူဒါန်းလိုသူများ ဦးအောင်ကြည် ဖုန်း-၂၂၂၂၆၄၊ ဦးသန်း ဖုန်း-၅၄၅၇၈၁၊ ဦးအောင်ငွေ ဖုန်း-၃၈၇၅၇၉နှင့် ဒေါ်သန်းသန်းတင့် ဖုန်း-၅၁၃၁၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**ဒီဇင်ဘာ၂ရက်က သဃ်န်းကျွန်းမြို့နယ် မီးဘေး ကြိုတင်ကာ ကွယ်ရေး စီမံချက်ဖြင့် စံပြ ရပ်ကွက်အတွင်း မီးဘေး ကြိုတင် ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို မြို့နယ် မီးသတ်ဦးစီး မှူး ဦးရဲမင်းထွန်း၊ မြို့နယ်အရန် မီးသတ် တပ်ရင်းမှူး ဦးခင် မောင်ထွန်း၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးအေးလှိုင် နှင့် အဖွဲ့ဝင်များ လိုက်လံကြည့်ရှုစစ်ဆေးကြစဉ်။**

(သတင်းစဉ်)

# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ် (၄၈)ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၃**

ဖလားဝါး နယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၈)တွင် ပြည်တွင်း ပြည်ပ ခရီးသွားအထူးကဏ္ဍ သတင်းဆောင်းပါးများ၊ ကိုကို (စက်မှု တက္ကသိုလ်)၏ ကိုရီးယား ခရီးသွားဆောင်းပါး (ဟိုးလားဟွီးလား ယိုဆူး မှာစား)၊ အနာဂတ်နိုင်ငံတော်အတွက် လွှတ်တော်အဆောက်အအုံသစ် နေပြည်တော်တွင် တည်ဆောက်လျက်ရှိ၊ အထူးကုသမားတော်ကြီးများ ရှားပါးနေမှုများကို ပြေလည်စေရန် အရည်အသွေးမြှင့်တင်ရေးများ တိုးတက် ဆောင်ရွက်နေ လာမည့်မျိုးဆက်တွင်ကောင်းသွားမည်၊ မော်တော်ယာဉ် နံပါတ်များ လျှောက်ထားရာတွင် မိမိလိုချင်သော နံပါတ်ရွေးချယ် လျှောက်ထားနိုင်၊ တရုတ်တိုင်းရင်း ဓာတ်စာစူပါမားကက်များ ဖွင့်လှစ် မည်စသည့် ပြည်တွင်းသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

မန်ယူရဲ့အရန်အင်အား နည်းပါးမှုကို မျက်ကွယ်ပြုနေတဲ့ ဖာဂူဆန်၊ တရုတ်နိုင်ငံ ယူနန်ခရိုင် ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုဖြစ် ၊ ဒုတိယ ကမ္ဘာစစ်ထက် အီရတ်စစ်ပွဲတွင် အမေရိကန် အချိန်ပိုပေးနေရ၊ လေဖြတ် လူနာ၏ လက်ထိပ်သွေးဖောက်ခြင်းသည် လေဖြတ်ရောဂါကို သက်သာစေ နိုင်သလားစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါး များ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိ ထားသည်။

**(သတင်းစဉ်)**

# ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး တံခွန်စိုက်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ





**အမှာစကားပြောကြား**

**၂၀၀၆ခုနှစ် ဒသမအကြိမ်မြောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး တံခွန်စိုက်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၃

**၂၀၀၆ခုနှစ် ဒသမအကြိမ်မြောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး တံခွန်စိုက်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။**

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ သတ်မှတ်နေရာတွင် နေရာယူကြပြီး ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

## လက်ခံ

ဗိုလ်လုပွဲများအပြီးတွင် ပြည်ထဲရေးဝန်ကြီးဌာန လူမှုရေးကော်မတီသို့ အလှူငွေ ပေးအပ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးသိန်းဝင်းက ငွေကျပ်၁၀သိန်းကို လည်းကောင်း၊ မြန်မာစည်သူ ကုမ္ပဏီ အထွေထွေ မန်နေဂျာ ဦးခင်မောင်စိုးက ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ မင်္ဂလာ ရုပ်ရှင်ရုံနှင့် အမေရိကန်ဗွီးရှင်းတို့မှ ငွေကျပ်နှစ်သိန်းစီကို ကိုယ်စားလှယ် ဦးသိန်းလှက လည်းကောင်း၊ အိုမိဆု သောက်ရေသန့်နှင့် အကယ်ဒမီ ဟိုတယ်လုပ်ငန်းတို့မှ ကိုယ်စားလှယ် ဦးချစ်လွင်က ငွေကျပ်တစ်သိန်းစီကို လည်းကောင်း၊ ရွှေခြူးမင်းကုမ္ပဏီမှ ဦးခင်မောင်ကြီးက ငွေကျပ်တစ်သိန်း ကိုလည်းကောင်း၊ သီရိမွန်ပလာဇာမှ ဦးခင်မောင်ဝင်းက ငွေကျပ်ငါးသောင်း ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်ထဲရေး ဝန်ကြီးဌာန လူမှုရေး ကော်မတီဥက္ကဋ္ဌ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဘော်လီဘော ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဘော်လီဘော အားကစား သမားဆု ရရှိကြသော အားကစား မောင်မယ်များအား တာဝန်ရှိသူများ က ဆုတံဆိပ်နှင့် ဆုကြေးငွေများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။

## ပေးအပ်ချီးမြှင့်

ဆက်လက်၍ ရဲတပ်ရင်းများ ကွပ်ကဲရေးမှူး ရဲမှူးချုပ် သန်းဟန်က မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ ပုဂ္ဂိုလ်များအား အမှတ်တရလက်ဆောင် များနှင့် ဒိုင်လူကြီးများအား ဂုဏ်ပြု ဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်အမျိုးသား၊ အမျိုး သမီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ ရရှိကြသော အသင်းများအား တစ်ဦး ချင်း ဆုတံဆိပ်များနှင့် ဆုကြေးများကို တာဝန်ရှိသူများက အလှည့်ကျ ပေးအပ် ချီးမြှင့်ကြသည်။

## ချီးမြှင့်

ဆက်လက်၍ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ပြိုင်ပွဲတွင် နှစ်သိမ့်ဆု ရရှိကြသော အသင်းများအား ဆုကြေးငွေ ကျပ် ငါးသောင်းစီကို ပေးအပ်ချီးမြှင့်သည်။

## ဗိုလ်စွဲ

ထို့နောက် ပြည်ထဲရေး ဝန်ကြီး ဌာနဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ညွန့် ညွန့်ဦးက အမျိုးသမီးပြိုင်ပွဲတွင် ဗိုလ်စွဲ သွားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုး သမီးအသင်းအား တံခွန်စိုက် ဒိုင်းဆု ကြီးနှင့် ဆုကြေးငွေ ကျပ်သုံးသိန်းကို ပေးအပ်ချီးမြှင့်ပြီး ပြည်ထဲရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမျိုးသားပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသားအသင်း အား တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆုကြေး ငွေ ကျပ်သုံးသိန်းကို ပေးအပ်ချီးမြှင့် လိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘဏ္ဍာငွေတောင့်တင်းခိုင်မာရေးဦးတည်ဆောင်ရွက် နိုင်ငံတော်ဖွံ့ဖြိုးရေး စိတ်စေတနာကောင်းဖြင့်ကြိုးပမ်း

ရန်ကုန် ဒီဇင်ဘာ ၃

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ရန်ကုန်တိုင်းရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ စီမံခန့်ခွဲမှုအဆင့် တာဝန်ရှိသူများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်း/ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ကျင့်ကြံနေထိုင်

ရှေးဦးစွာ ဝန်ကြီးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာနနှင့် အခွန်အယူခံခုံရုံး အဖွဲ့ရုံးတို့မှ စီမံခန့်ခွဲမှု အဆင့် တာဝန်ရှိသူများအား အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအားလုံးသည် နိုင်ငံတော်၏ ဦးတည်ချက်များ၊ ရည်မှန်းချက်များ၊ ဌာန၏ ရည်မှန်းချက်များကို သိရှိနားလည် ပြီး နိုင်ငံသားကောင်းပီသစွာ၊ ဝန်ထမ်းကောင်းပီသစွာဖြင့် အလေးအနက်ထား ကြိုးပမ်းဖြည့်ဆည်းကြရမည်ဖြစ်ကြောင်း၊ ဌာနနှင့် ဆက်သွယ်သူ ပြည်သူများ၊ စီးပွားရေး လုပ်ငန်း ရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများအား ဘဏ္ဍာရေး၊ ငွေရေး ကြေးရေးနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ပွင့်ပွင့်လင်းလင်း အသိပညာပေး စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော် ဘဏ္ဍာငွေ တောင့်တင်းခိုင်မာ ရေးကို ဦးတည်ဆောင်ရွက်ရင်း အယိုအဖိတ် မရှိစေရေး အထူးအလေးထား ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် စိတ်စေတနာကောင်းဖြင့် ဝိုင်းဝန်း ကြိုးပမ်းကြရေး၊ ဌာနဆိုင်ရာအလိုက် လုပ်ငန်းလျာထား ချက်များ ပြည့်မီသည်ဆိုရုံမျှဖြင့် တင်းတိမ်ရောင့်ရဲမနေဘဲ ရည်မှန်းချက်တာဝန်များကို ကျော်လွန်အောင်မြင်စေရေး၊ ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်မည့် ရည်မှန်းချက်အဆင့် အထိ ရောက်ရှိစေရေး အလေးအနက် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအဆင့်အတန်းအားလုံး ဝန်ထမ်း ကျင့်ဝတ်များကို သိရှိနားလည်သဘောပေါက်ပြီး ပြည်သူ လူထုကို အလုပ်အကျွေးပြုကာ ပြည်သူလူထုက ယုံကြည် အားကိုး လေးစားသည့် ဝန်ထမ်းများအဖြစ် အစဉ်ရပ်တည် နိုင်ရန် ဝန်ထမ်းကျင့်ဝတ်အတိုင်း ကျင့်ကြံပြုမူ နေထိုင် ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဃ်န်းကျွန်း ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်း သဃ်န်းကျွန်း မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေး သင်တန်း အမှတ်စဉ် (၄၂၊ ၄၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ရက် နံနက် ၉နာရီက သဃ်န်းကျွန်း ပညာရေးကောလိပ် ပညာနေခြည်ခန်းမဆောင်၌ကျင်းပရာ အသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ် ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အမှာစကား ပြောကြား သည်။

## အလှူငွေ

ထို့နောက် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်သိန်းဇော်က လူငယ်တာဝန်ခံ များပေးအပ်သော အသင်းဝင်အဆိုပြု လွှာများနှင့် အလှူရှင်များပေးအပ်သော အလှူငွေများကို လက်ခံယူသည်။

## တက်ရောက်

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တိုင်း၊ ခရိုင်၊ မြို့နယ် အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင် များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေး အသင်း အဖွဲ့များ၊ အသင်းဝင်များနှင့် သင်တန်း သူ သင်တန်းသားများ တက်ရောက် ကြသည်။ (၀၅၂)

# စက်မှု (၁) ဈေးရောင်းပွဲတော် ရက်တိုးမြှင့်ရောင်းချလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၃

**ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်း၌ ကျင်းပလျက်ရှိသော အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁ ရက်အစား ဒီဇင်ဘာ ၆ ရက်အထိ ရက်ထပ်မံတိုးမြှင့် ခင်းကျင်းပြသ ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

# စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်

# အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်အစည်းအဝေး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၃

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ပြုချမ်းမြို့၌ နိုဝင်ဘာ ၂၇ရက်နှင့် ၂၈ရက်တို့၌ ကျင်းပသည့် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။**

## သုံးသပ်ဆွေးနွေး

အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အလွတ်သဘော အစည်းအဝေးကို နိုဝင်ဘာ ၂၇ရက် နံနက် ၉နာရီက ကိုရီးယားသမ္မတနိုင်ငံ ပြုချမ်းမြို့ Phoenix Park Hotel ၌ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံ ဘဏ္ဍာရေး ဝန်ကြီးနှင့် ကမ္ဘောဒီးယား နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး တို့က ပူးတွဲ သဘာပတိအဖြစ် ဆောင်ရွက်ကြသည်။ အစည်းအဝေးတွင် အာဆီယံ+၃ နိုင်ငံ များနှင့် ဒေသတွင်း နောက်ဆုံးစီးပွား ရေး အခြေအနေများကို သုံးသပ်ဆွေး နွေးကြရာတွင် အာရှဖွံ့ဖြိုးရေးဘဏ်က အာဆီယံ+၃ နိုင်ငံများတွင် ဒေသ ဆိုင်ရာ စီးပွားရေးနှင့် ငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်မှု နောက်ဆုံးအခြေအနေ များကို လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံ များနှင့် သက်ဆိုင်သော တူညီသည့် ဒေသဆိုင်ရာ ကိစ္စရပ်များ အဖြစ် **"အရှေ့အာရှ ဒေသတွင် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု အားကောင်းစွာ ဦးမော့မှု ရရှိရန်ဆောင်ရွက်ခြင်း"** စာတမ်းကို ကျွမ်းကျင်သူများက လည်းကောင်း တင်ပြခဲ့ကြသည်။

နိုင်ငံအလိုက်စီးပွားရေးနှင့် ငွေရေး ကြေးရေး ဖွံ့ဖြိုးတိုးတက်မှု နောက်ဆုံး အခြေအနေများကို အဖွဲ့ဝင် နိုင်ငံ အသီးသီးမှ အက္ခရာစဉ်လိုက် တင်ပြ ကြရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေး နှင့် ပတ်သက်၍ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက တင်ပြခဲ့သည်။

နိုဝင်ဘာ ၂၈ရက် နံနက် ၉နာရီ က အစည်းအဝေးကို ဆက်လက် ကျင်းပရာ အရှေ့အာရှ၌ ဒေသဆိုင် ရာ ငွေရေး ကြေးရေးပူးပေါင်းဆောင် ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍အာရှ ငွေချေး စာချုပ်ဈေးကွက်များ အစီအစဉ် ၏တိုးတက်မှုအခြေအနေနှင့် ရှေ့လုပ် ငန်းစဉ်များကို ABMI Focal Group သဘာပတိအဖြစ် ဆောင်ရွက် လျက် ရှိသည့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ လည်းကောင်း၊ ဇင်းမယ်လုပ် ငန်းအစီအစဉ်နှင့် ပတ်သက်၍ 9th AFMM+3 အစည်းအဝေး ကျင်းပပြီး နောက်ပိုင်း လုပ်ငန်းတိုးတက်မှု အခြေ အနေများကို ကိုရီးယားသမ္မတနိုင်ငံ နှင့် ကမ္ဘောဒီးယားနိုင်ငံတို့က လည်း ကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

## ရှေ့လုပ်ငန်းစဉ်

ဆက်လက်၍ Technical Working Group on Economic and Financial Monitoring (ETWG) ၏တိုးတက်မှုနှင့် ရှေ့လုပ် ငန်းစဉ်ကို ETWG ၏ ပူးတွဲ သဘာပတိဖြစ်သည့် ကမ္ဘောဒီးယား နိုင်ငံက တင်ပြပြီးနောက် ဇင်းမယ် အစီအစဉ်နှင့် စပ်လျဉ်း၍ Group of Experts ထူထောင်ရန်အတွက် တိုးတက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များ ကိုလည်း ကမ္ဘောဒီးယားနိုင်ငံက တင်ပြခဲ့သည်။

ထို့နောက် နောက်တစ်ကြိမ် ကျင်းပမည့် အစည်းအဝေးကို ၂၀၀၇ ခုနှစ် ဧပြီ ၄ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပရန် ၂၀၀၇ ခုနှစ် အာဆီယံ+၃ ဘဏ္ဍာရေးလုပ်ငန်းစဉ် ၏ သဘာပတိ ဖြစ်သူ ထိုင်းနိုင်ငံက တင်ပြပြီး အစည်းအဝေးကို နံနက် ၁၁နာရီ ၄၅မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆဲလ်တစ် တိုက်စစ်မှူးဟောင်း လာဆင် မန်ယူ၌ သုံးလ အငှားစာချုပ်ဖြင့် ကစားမည်

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဒီဇင်ဘာ ၃

**မန်ချက်စတာယူနိုက်တက်အသင်းသည် တိုက်စစ်မှူးလာဆင်အား ဇန်နဝါရီလတွင် သုံးလအငှားစာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။**

အသက် ၃၅နှစ်ရှိ ဆဲလ်တစ်တိုက်စစ်မှူးဟောင်း လာဆင်သည် ဇန်နဝါရီ၁ရက်တွင် လက်ရှိအသင်း ဟယ်စင်ဘော့မှ ထွက်ခွာလာမည်ဖြစ်ကြောင်း မန်ယူက ပြောကြားသည်။



ဆဲလ်တစ်တိုက်စစ်မှူးဟောင်း လာဆင်။

### အရေးပေါ်

မန်ယူရှေ့တန်းတွင် ဆာဟာနှင့်ရွန်နေတို့သာ အဓိကအားထားနေရသဖြင့် တိုက်စစ်အားဖြည့်နိုင်ရန်အတွက် လာဆင်အား မန်နေဂျာ ဖာဂူဆန်က အရေးပေါ်ခေါ်ယူလိုက်ခြင်းဖြစ်သည်။

မန်ယူတိုက်စစ်မှူးများဖြစ်ကြသည့် ဆိုးလ်ရှား ဒဏ်ရာရထားပြီး အလန်စမစ်မှာ ကြွခိုင်မှုအပြည့်အဝ ကောင်းမွန်လာပြီဖြစ်သော်လည်း ပွဲအပြည့် ပါဝင်ကစားနိုင်ဖွယ်မရှိသေးဟု ဆိုသည်။

အဆိုပါ ဆွီဒင်ကစားသမား လာဆင်သည် ယမန်နှစ်ရာသီအကုန်က ဘာစီလိုနာအသင်းမှ ထွက်ခွာလာပြီး ၎င်း၏ဇာတိမြို့ရှိ ဟယ်စင်ဘော့အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

### စွမ်းဆောင်ခဲ့

၎င်းသည် ဆဲလ်တစ်တွင် ခုနစ်နှစ်တာ ကစားခဲ့ရာ အောင်မြင်မှုများစွာဖြင့် ၂၀၀၄ခုနှစ်၌ ဘာစီလိုနာသို့ ပြောင်းရွှေ့ခဲ့သည်။ ဘာစီလိုနာတွင်လည်း ၎င်းအနေဖြင့် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်သည်အထိ စွမ်းဆောင်ခဲ့သူဖြစ်သည်။

### သွင်းယူ

တိုက်စစ်မှူး လာဆင်သည် ဆဲလ်တစ်အသင်းတွင် ပွဲပေါင်း၃၀၀ ပါဝင်ကစားခဲ့ရာ၌ ၂၄၂ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

# မန်ယူက မစ်ဒယ်ဘရော့ကို အဝေးကွင်း၌အနိုင်ရ ချယ်လ်ဆီးထက် မန်ယူတို့ခြောက်မှတ်အသာဖြင့် ဦးဆောင်

လန်ဒန် ဒီဇင်ဘာ ၃

**ပရီမီယာလိဂ်ပွဲစဉ်(၁၆) ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ၂ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အမှတ်ပေးဇယားတွင် ဦးဆောင်နေသော မန်ချက်စတာယူနိုက်တက်အသင်းက မစ်ဒယ်ဘရော့အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ပြိုင်ဘက်ချယ်လ်ဆီးအသင်းထက် ခြောက်မှတ်အသာရမှုကို ပြနိုင်ခဲ့သည်။**

ပွဲစသည်နှင့် မန်ယူတို့ရမှတ်များ ထပ်တိုးနိုင်ရေးအတွက်အကြိတ်အနယ် ယှဉ်ပြိုင်ကစားရာ ပွဲချိန် ၁၈မိနစ်တွင် တောင်ပံ ကစားသမား စီရိုနယ်ဒိုဂိုးသွင်းယူရန် ကြိုးစားစဉ် မစ်ဒယ်ဘရော့ ဂိုးသမား မတ်ရှဝါဇာနှင့် ထိခိုက်မိခဲ့၍ ဒိုင်လူကြီးက ပယ်နယ်တီပေးခဲ့သည်။ ယင်းပယ်နယ်တီကို မန်ယူတိုက်စစ်မှူး ဆာဟာက အမှားအယွင်းမရှိ သွင်းယူခဲ့ရာမှ မန်ယူတို့ အဝေးကွင်း၌ အဖွင့်ဂိုး စတင်ရရှိသွားသည်။

### ချေပဂိုးသွင်း

ဒုတိယပိုင်းပြန်စချိန်တွင် အိမ်ကွင်းရှင် မစ်ဒယ်ဘရော့တို့ ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ လူစားဝင်လာသူ မော်ရစ်ဆင်က ချေပဂိုး သွင်းယူပေးနိုင်ခဲ့သည်။

### ဦးဆောင်လျက်ရှိ

သို့သော်လည်း ရမှတ်သုံးမှတ်ပိုင်ဆိုင်ခွင့်ရရေး မန်ယူတို့ အကြိတ်အနယ် ခြေစွမ်းပြ ထိုးဖောက်တိုက်စစ်ဆင် ကစားခဲ့ရာ ပွဲချိန် ၆၈မိနစ်တွင် ရိုင်ယန်ဂစ် ဘယ်တောင်ပံမှ ခုတ်တင်ပေးလိုက်သော ဘောလုံးကို ဖလက်ချာက မနားတမ်းခေါင်းတိုက် သွင်းယူခဲ့ရာမှ မန်ယူတို့အနိုင်ဂိုး သွင်းယူနိုင်ခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ပွဲအပြီးတွင် မစ်ဒယ်ဘရော့အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးဖြစ်၍ အဝေးကွင်း၌ ရမှတ်သုံးမှတ် ထပ်ပေါင်းထည့်နိုင်ခဲ့ပြီးဖြစ်သည်။ မန်ယူတို့ ပွဲစဉ်(၁၆) အပြီး ၁၃ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရမှတ် ၄၁မှတ်ရရှိကာ ချယ်လ်ဆီးထက် ခြောက်မှတ်အသာရ၍ ဦးဆောင်လျက်ရှိသည်။

### ပြိုင်ပွဲရက်ရွှေ့ဆိုင်း

ချန်ပီယံချယ်လ်ဆီးတို့ ပြိုင်ပွဲရက်ရွှေ့ဆိုင်းခဲ့၍ မန်ယူအတွက် ခြောက်မှတ်အသာဖြင့် ဦးဆောင်သည့် အခွင့်အလမ်းတစ်ရပ် ရရှိခဲ့သည်။

### ဒုတိယ နေရာ

ချယ်လ်ဆီးအသင်းသည် ၁၅ပွဲကစား ၁၁ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးထားပြီး ရမှတ် ၃၅မှတ်ဖြင့် ဒုတိယနေရာမှ လိုက်နေသည်။ **(အင်တာနက်)**



**မန်ယူအတွက် ဆာဟာက ဤသို့ ပယ်နယ်တီဂိုး သွင်းယူခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

## ကမ္ဘာတစ်လွှား အားကစား

# ဂျာမန်ဘွန်ဒက်စ်လီဂါဘောလုံးပွဲစဉ်များ ဝါဒါဘရီမင် တန်းစီဇယားထိပ်ဆုံးမှ ရပ်တည်ဆဲ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘာလင် ဒီဇင်ဘာ ၃

**ဂျာမန် ဘွန်ဒက်စ်လီဂါဘောလုံး ပြိုင်ပွဲ ပွဲစဉ်(၁၅)ကို ဒီဇင်ဘာ ၂ရက်၌ ကစားရာ မိန့်ဇ်နှင့် စတုဂတ်တို့ပွဲတွင် ဂိုးမရှိသရေပွဲဖြစ်သွားခဲ့သည်။**

တန်းစီဇယားဒုတိယနေရာ ရောက်ရှိနေသော စတုဂတ်တို့ တတိယမြောက်သရေပွဲပင်ဖြစ်သည်။ စတုဂတ်သည် ယခုနှစ်၌အိမ်ကွင်း၊အဝေးကွင်း ခြေစွမ်းပြကစားနိုင်ပြီး ဂိုးသွင်းစွမ်းရည်ကောင်းသည့်အသင်း ဖြစ်သော်လည်း တန်းစီဇယား အောက်ဆုံးနေရာမှ မိန့်ဇ်ကို အနိုင်မကစားနိုင်ခဲ့ချေ။

စတုဂတ်အသင်းတွင် တိုက်စစ်မှူးအဖြစ် ဂိုမက်ဇ်နှင့် ဒါဆဲလ်ဗားတို့ကိုထားကာ ကွင်းလယ်တွင် ပါဗယ်ပါဒို၊ သောမတ်နှင့် ဟီလ်ဘတ်တို့ဖြင့် ကစားစေခဲ့သည်။ စတုဂတ်တို့က ၄-၄-၂ ပုံစံဖြင့် ခင်းကျင်းကာ မိန့်ဇ်က ၃-၅-၂ ပုံစံဖြင့် ကစားခဲ့သည်။

မိန့်ဇ် တိုက်စစ်မှူးများဖြစ်သော အက်စ်ဇာဘစ်နှင့် ဂျိုဗာနိုဗစ်တို့က စတုဂတ်နောက်တန်းကို ထိုးဖောက်ကစားပြီး အပိုင်ဂိုးသွင်းခွင့် လေးကြိမ်ရရှိခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ချေ။

### ကာကွယ်နိုင်

ထို့အတူ စတုဂတ်တို့ကလည်း မိန့်ဇ်အသင်း၏ ခံစစ်မှူးများကို ၁၆ ကြိမ်ခန့်ကျော်လွှားထိုးဖောက်ကစားပြီး ဂိုးသွင်းခွင့် ၁၆ ကြိမ်ခန့်ရရှိခဲ့ပြီး အပိုင်လေးကြိမ်ကန်သွင်းခဲ့ရာ မိန့်ဇ် ဂိုးသမား ခရစ်စတင်းဝီခ်ကလို ကာကွယ်နိုင်ခဲ့၍သာ ဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။

ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြသဖြင့် ဂိုးမရှိသရေပွဲဖြစ်သွားခဲ့သည်။ ယခုပွဲသရေဖြစ်ခဲ့သဖြင့် စတုဂတ်တို့ ၁၅ပွဲကစား ရှစ်ပွဲနိုင်၊ သုံးပွဲရှုံးဖြင့် တန်းစီဇယားဒုတိယနေရာတွင်ရှိနေပြီး မိန့်ဇ်အသင်းမှာ ၁၅ပွဲကစား တစ်ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးဖြင့် ၁၀မှတ်ရရှိကာ တန်းစီဇယားအောက်ဆုံးနေရာတွင် ရှိနေသည်။

### ဝါဒါဘရီမင်နှင့် ဟာသာဘာလင်

တန်းစီဇယား ထိပ်ဆုံးမှဦးဆောင်နေသော ဝါဒါဘရီမင်တို့ အိမ်ကွင်း၌ ဟာသာဘာလင်ကို အနိုင်ကစားခဲ့သဖြင့် တန်းစီဇယား၌ ထိပ်ဆုံးနေရာကို စိုးမိုးထားနိုင်နေဆဲပင် ဖြစ်သည်။

ဝါဒါဘရီမင်သည် အိမ်ကွင်း၌ ခြေစွမ်းပြနိုင်ခဲ့ပြီး ပထမပိုင်း ပွဲချိန်အတွင်းမှာပင် သုံးဂိုးစလုံးသွင်းယူနိုင်ခဲ့သည်။ ၄-၄-၂ ပုံစံဖြင့် ခင်းကျင်းကစားသောဝါဒါဘရီမင်တွင် ကွင်းလယ်မှ ဒေဂို၊ ဘိုရောစကီး၊ ဖရင်းစ်နှင့် ဂျင်ဆင်တို့က တိုက်စစ်မှူးများဖြစ်သည့် ကလိုဆေးနှင့်အယ်မီလ်ဒါတို့ကိုတိကျသော ဖြတ်တင်ဘောများဖြင့်အထောက်အကူပြုခဲ့ရာ ဟာသာဘာလင် နောက်တန်းကို မနားတမ်းထိုးဖောက် မွှေနှောက်ကစားနိုင်ခဲ့သည်။

### ချေပဂိုး

ထိုသို့ ထိုးဖောက်ကစားနိုင်ခဲ့မှုကြောင့် ပွဲချိန်၂၃မိနစ်တွင်ဝါဒါဘရီမင် ပယ်နယ်တီပြစ်ဒဏ်ဘော ရရှိခဲ့ရာ ၎င်းပယ်နယ်တီကို ကွင်းလယ်ကစားသမားဒေဂိုက ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးစတင်ရရှိခဲ့သည်။ သို့သော် ပွဲချိန် ၂၅မိနစ်မှာပင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ဟာသာဘာလင်ကွင်းလယ်ကစားသမား ဓီမြူနစ်က ချေပဂိုးချက်ချင်း ပြန်သွင်းယူခဲ့သည်။

ဝါဒါဘရီမင်တို့အနိုင်ဂိုးများ သွင်းယူနိုင်ရေး ဟာသာဘာလင် အသင်းဘက်သို့ ကွင်းတစ်ဝက်ဖိကစားခဲ့ရာပွဲချိန် ၃၂မိနစ်နှင့် မိနစ်၄၀တို့တွင် ဝါဒါဘရီမင်တိုက်စစ်မှူး ကလိုဆေးက တစ်ဦးတည်းနှစ်ဂိုးဆက်တိုက် သွင်းယူပေးခဲ့သဖြင့်ဝါဒါဘရီမင်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဝါဒါဘရီမင်တို့ ယခုပွဲအနိုင်ရခဲ့သဖြင့် ၁၅ပွဲကစား ကိုးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးဖြင့် တန်းစီဇယားထိပ်ဆုံးတွင်ရပ်တည်နေပြီး ဟာသာဘာလင်မှာ ၁၅ပွဲကစား ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေ၊သုံးပွဲရှုံးဖြင့်တန်းစီဇယား အဆင့်ငါးနေရာ၌ ရပ်တည်နေသည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| ဘိုချန် | ၂-၁ | ဟမ်းဘတ် |
| ဘိုင်ယန်မြူးနစ် | ၁-၁ | ဂလက်ဘတ် |
| ဘီလီဖီးလ် | ၀-၀ | လေဗာကူဆင် |
| ဒေါ့မွန် | ၁-၀ | ဝုလ်ဘတ် |
| ကော့ဘတ် | ၀-၁ | ဟန်နိုဗာ။ |

(အင်တာနက်)



### အောင်ပွဲခံ

**အမျိုးသမီး ၅၃ ကီလိုတန်း အလေးမ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့သော တရုတ်နိုင်ငံမှ လီပင်း ဆုယူအပြီး ဤသို့ အောင်ပွဲခံခဲ့သည်။**

(ဓာတ်ပုံ-အင်တာနက်)

# (၁၅)ကြိမ်မြောက် ဒိုဟာ အာရှအားကစားပြိုင်ပွဲများယှဉ်ပြိုင်

ဒိုဟာ ဒီဇင်ဘာ ၃

**(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ကာတာနိုင်ငံ ဒိုဟာမြို့၌ သောကြာနေ့က စတင်ဖွင့်လှစ်ခဲ့ရာ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဥဇဘက်ကစ္စတန်အသင်းက အိမ်ရှင်ကာတာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။**

**တောင်ကိုရီးယားအသင်းက ဗီယက်နမ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ထိုင်းက ကာဂျစ်ကစ္စတန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ဂျော်ဒန်က ယူအေအီးအသင်းကို တစ်ဂိုး-တစ်ဂိုးသရေကျပြီး ဘာရိန်းက ဘင်္ဂလားဒေ့ရှ်ကို ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ထားကြောင်း သိရသည်။**

ကျွမ်းဘား

**အမျိုးသား ကျွမ်းဘားအသင်းလိုက်ပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ရမှတ်၃၃၇ဒသမ၁၀၀မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။**

အလေးမ

**အမျိုးသမီး အလေးမ ၅၃ ကီလိုတန်းတွင် တရုတ်နိုင်ငံမှ လီပင်းက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ထိုင်းမှ ဂျွန်ပင်းက ယင်းပြိုင်ပွဲတွင် ငွေတံဆိပ်ရပြီး ဟောင်ကောင်မှ ယူဝေလီက ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။**

ကြက်တောင်

**အမျိုးသား ကြက်တောင်ရိုက်ပြိုင်ပွဲတွင် တရုတ်၊ တောင်ကိုရီးယားနှင့် မလေးရှားနိုင်ငံတို့သည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ တရုတ်နိုင်ငံမှ လင်ဒန်းက အင်ဒိုနီးရှားမှ ဟိုက်ဒါရပ်ကို ၃-၁ ဖြင့် နိုင်ခဲ့သည်။**

အကြိုဗိုလ်လုပွဲတက်

**မလေးရှားက ဟောင်ကောင်ကို ၄-၁ ဖြင့် နိုင်ပြီး တောင်ကိုရီးယားက ထိုင်းကို ၃-၁ ဖြင့် နိုင်ကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။**

(အင်တာနက်)

# မိုးကောင်းကျောင်းတိုက်သို့ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

မန္တလေး နိုဝင်ဘာ ၂၂

မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း ဦးဆောင်၍ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများ၏ဇနီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၃ ရက် ညနေ ၄နာရီက ချမ်းအေးသာစံမြို့နယ် မိုးကောင်းကျောင်းတိုက်သို့ သွားရောက်၍ ဆန်၊ ဆီ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မိုးကောင်းကျောင်းတိုက် တိုက်ကြပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

ထို့နောက်ဆရာတော်၊သံဃာတော်များအား ဆန်၊ ဆီ၊ အာလူး၊ ငရုတ်၊ ကြက်သွန်နှင့် အခြားလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တိုက်ကြပ်ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး လူမှောင်ခိုကူးမှုနှင့် ကျန်းမာရေးပညာပေး ဟောပြော

မုံရွာ နိုဝင်ဘာ ၂၅

**စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ လူမှောင်ခိုကူးမှု၊ အကြမ်းဖက်ခံရမှု ကာကွယ်ရေးနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ရက် မွန်းတည့် ၁၂နာရီက ကနီမြို့နယ် သမင်ခြံကျေးရွာ အလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကနီမြို့နယ်မှ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သမင်ခြံကျေးရွာမှ ကျေးလက်ပြည်သူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်၊ အမျိုးသမီးများအား လူမှောင်ခိုကူးမှုမှ တားဆီးကာကွယ်ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်ညွန့်က အမျိုးသမီးများ လူမှောင်ခိုကူးမှု၊ အကြမ်းဖက်ခံရမှုမှ ကာကွယ်ရေးအကြောင်းကို လည်းကောင်း**(အပေါ်ပုံ)**၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်တင်ရွှေက အမျိုးသမီးငယ်များ သိကောင်းစရာများ အကြောင်းကိုလည်းကောင်း၊ ကနီမြို့နယ် ဆရာဝန်ဒေါက်တာ ဦးသန်းလွင်က ဆီးချို၊ သွေးချိုရောဂါကာကွယ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ ကနီမြို့နယ် ဥပဒေအရာရှိ ဦးငွေဝင်းက အမျိုးသမီးများနှင့် သက်ဆိုင်သောအခွင့်အရေးနှင့် ဥပဒေများ၊ ရပိုင်ခွင့်များအကြောင်းကိုလည်းကောင်း ပညာပေးဆွေးနွေးဟောပြောကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# မိတ္ထီလာခရိုင် ပြန်/ဆက် ဦးစီးဌာနကြီးမှူး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဟောပြော

မိတ္ထီလာ နိုဝင်ဘာ ၁၅

**မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြောပွဲကို အောက်တိုဘာ ၁၇ရက် နံနက် ၁၀နာရီက မိတ္ထီလာမြို့ ညောင်ကိုင်း တွဲဖက်အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။**

## ရှင်းလင်းဟောပြော

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးထွန်းရွှေက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုးသန်းက အသင်း ရည်ရွယ်ချက်များကို လည်းကောင်း၊ ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေးက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားရေးကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေးက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင် ၅၁ စောင်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် ဇနီး ဒေါ်ကြင်မြိုင်မိသားစုတို့က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ဝယ်ယူရန် အလှူငွေကျပ် ၃၄၀၀၀၀နှင့် ပညာရေးငွေပဒေသာပင်အတွက် အလှူငွေကျပ် ၁၅ သိန်းတို့ကို အလှူရှင်များကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဦးလှဌေးက ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းရွှေက လက်ခံရယူသည်။

**(ခရိုင် ပြန်/ဆက်)**

**ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော နန်းတိုင်း-ပန်းဖယ် ကျောက်ချောလမ်းခင်းရန် အောက်ခံမြေသားပြုပြင်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၉ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



**ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများဖြင့်အထောင်ကျေးရွာ တိုက်နယ်ဆေးရုံတွင် အောက်တိုဘာ ၂၈ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ပပစိုး၊ မြို့နယ်အသင်းအတွင်းရေးမှူးဦးဇော်မင်းနှင့် မြို့နယ်အမှုဆောင်အရာရှိဦးသန်းအေးတို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။**

(ခရိုင် ပြန်/ဆက်)

**နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးနှင့် ရေစုကန်များ သန့်ရှင်းရေးဆောင်ရွက်မှုများကို နိုဝင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဦးကြည်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးခင်မောင်ဌေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



**မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ကော့ကရိတ်မြို့နယ်အတွင်းရှိ အသက်၇၅နှစ်အထက်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေချီးမြှင့်ပွဲကို အောက်တိုဘာ၂၁ရက်က ကျင်းပရာ ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းမောင်(ငြိမ်း)က စစ်မှုထမ်းဟောင်းတစ်ဦးအား ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်စဉ်။**

(ခရိုင် ပြန်/ဆက်)



# နွေစပါးနှင့် ဆောင်းသီးနှံစီမံကိန်းတာဝန်ပေးအပ်

ဝေါ နိုဝင်ဘာ ၁၀

ဝေါမြို့နယ် ၂၀၀၆-၂၀၀၇ခုနှစ် တစ်နှစ်သုံးသီး၊ နွေစပါး၊ ဆောင်းသီးနှံ စိုက်ပျိုးရေး စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နုက အမှာစကား ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးအေးကြည်က စီမံကိန်းသီးနှံ ရည်မှန်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ မြို့နယ်ဥက္ကဋ္ဌဦးတင်နုက မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ ကိုယ်စား မြို့နယ်မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာဦးဟန်ညွှန့်နှင့် ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအား နယ်မြေအလိုက် တာဝန်ပေးအပ်သည်။

**(မြို့နယ် ပြန်/ဆက်)**

**မြင်းခြံမြို့ မြို့မဈေးအတွင်းအပြင်ရှိ ရေမြောင်းများကို အောက်တိုဘာ ၂၃ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းတို့က သဲနုန်းများရှင်းလင်းရာ ဦးစီးအရာရှိ ဦးတင့်ဝေနှင့် ဒုတိယဦးစီးမှူး(ဈေး)ဦးမျိုးတင့်တို့ ကြီးကြပ်စဉ်။**

(မြို့နယ်စည်ပင်)



# ရေဦးမြို့၌ ဆယ်အိမ်စုမှူး သင်တန်းပို့ချ

ရေဦး နိုဝင်ဘာ ၂၅

ရေဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နိုဝင်ဘာ ၁၇ရက်မှ ၁၈ရက်အထိ ရေဦးမြို့ ရွှေပြည်သာရပ်ကွက်၌ ဆယ်အိမ်စုမှူးသင်တန်း ပို့ချခဲ့သည်။ အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းထွေးက ဆယ်အိမ်စုမှူးသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်သန်းငွေနှင့် ဒေါ်ခင်ခင်အေးတို့က သင်တန်းပို့ချကြသည်။

**(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာ ကျောင်း (မူလ ကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ (၄၁) လမ်း အမှတ်(၁၃၆)နေ ဒေါ်ခင်ဌေး၊ ဒေါ်သီသီဌေးမိသားစုတို့က အဘိုး၊အဘွားများ ဖြစ်ကြသော ဦးအစိန်–ဒေါ်စိန်ညွှာ၊ ဦးရစ်မာ–ဒေါ်ရွှေသင်နှင့် မိခင် ဒေါ်ကြင်၊အစ်ကို ဦးတင်ဦးတို့အားရည်စူး၍ အလှူတော်ငွေကျပ် ၁၇၁၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) အောင်တော်မူထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

## ဒါးပိန်အထက အာစရိယပူဇော်ပွဲ

**ဒါးပိန် နိုဝင်ဘာ ၂၅**

(၁၉၅၈–၂၀၀၆) အထက ဒါးပိန် ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်ကွယ်လွန်ပြီးဆရာ၊ ဆရာမကြီးများအား ရည်စူးလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၄ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများကို ဦးစိုးကြည် ဖုန်း–၀၁–၅၆၃၁၇၀၊ ဦးခင်မောင်ကြွယ်(ခ)ဦးမြင့်ကြည် ဖုန်း–၀၉–၈၀–၂၅၂၆၅၊ ဦးကျော်ဇော(ခ)ဦးစောဝင်း ဖုန်း–၀၉–၅၁၁–၄၀၇၉၊ ဦးလှဌေး ဖုန်း–၀၁–၅၇၀၅၁၃ နှင့် ဦးဝင်းကြည် ဖုန်း–၀၁–၇၀၉၀၂၃ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အဘွား ဒေါ်ခင်စိန်နှင့် မိခင်၊ဖခင်တို့ကိုအမှူးထား၍ ကြီးကြီးဒေါ်ရင်ရင်အေးအားရည်စူးကာ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် နေကြာသာယာကုန်းလမ်း တိုက်(၇) အခန်း(၃/၄)နေ ဦးနိုင်ဝင်းဆွေ–ဒေါ်တင်သိုက်ဝင်းနှင့် မြေး မောင်ကောင်းဆွေဟိန်း မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်သူရိယ(မြစ်ကျိုး)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

## ဖျာပုံမြို့ ရွာမကျောင်း မိုးကုတ်တရားစခန်းပွဲ

**ဖျာပုံ ဒီဇင်ဘာ ၂**

ဧရာဝတီတိုင်း ဖျာပုံမြို့ ပထမလမ်း ရွာမကျောင်းတိုက်ကြီးအတွင်း၌ နှစ်စဉ်ကျင်းပသော ခုနစ်ရက် တရားစခန်းပွဲကို နတ်တော်လပြည့်ကျော် ၁၃ရက်မှ ပြာသိုလဆန်း ၅ရက်အထိ ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး ဦးပေါ်တရားအား ရည်စူး၍ ဒေါ်ကြင်နှင့် မိသားစုတို့က ပြုလုပ်မည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ အရှင်သုမနာစာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတော်များ ဟောကြားမည်ဖြစ်သည်။ ယောဂီများစခန်းပွဲအတွင်း နေ့စဉ် နံနက်၊ ည ၇ နာရီတွင် တရားလာရောက်နာယူနိုင်ကြောင်းနှင့် ညအထူးတရားပွဲကို ရတနာသိဒ္ဓိ ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**



**ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်ကြီးအတွင်း တည်ဆောက်လျက်ရှိသော ရွှေညဝါပညာ့ဗိမာန် သုံးထပ်ကျောင်းတော်ကြီး လှေကားလက်ရမ်းများ တပ်ဆင်ရန်အတွက် နိုဝင်ဘာ ၂၁ရက်က ဦးမျိုးသိန်းအား ရည်စူး၍ ဒေါ်သက်သက်ချိုမိသားစု အမှတ်(၈၄) အုန်းပင်လမ်း(အထက်) ကြည့်မြင်တိုင်တို့က ပထမအကြိမ် အလှူတော်ငွေကျပ် ၅၅၀၀၀၀ကို ရွှေညဝါ ဆရာတော်၏ရှေ့မှောက်၌ ကပ်ပွဲယထံ လှူဒါန်းစဉ်။** (က–ပ)

## ဆက်သွယ်ဆောင်ရွက် ဆရာဖြစ်ဆင့်ပွားသင်တန်းဖွင့် ကျန်းမာရေးဆိုင်ရာ သိမှတ်စရာများရှင်းလင်း

**ဖလမ်း ဒီဇင်ဘာ ၁**

ချင်းပြည်နယ် ဖလမ်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း မြို့နယ်ဆရာဖြစ်ဆင့်ပွားသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၉ရက် နံနက် ၁၀နာရီက ဖလမ်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်ဆွေ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်ဆရာဝန်ကြီး ဦးဝင်းအောင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်နှင့်အဖွဲ့ဝင်များ၊ သင်တန်းသားသင်တန်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မို့မို့တင်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ခရိုင်ဆရာဝန်ကြီး ဦးဝင်းအောင်က မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာသိမှတ်စရာ အချက်အလက်များကို အသိပေးရှင်းလင်းသည်။ **(ခရိုင် ပြန်/ဆက်)**



**ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြို့ပင်သာကျေးရွာအုပ်စု ဖားယားကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျောင်းဆောင် သစ်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ရက်က ကျင်းပရာ ဖားယားကြီးကျေးရွာနေ ဦးအောင်ထွန်း–ဒေါ်တင်ရွှေ မိသားစုတို့က ဒုတိယအကြိမ် လှူဒါန်းငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးသို့ ပေးအပ်လှူဒါန်းစဉ်။** (၀၆၄)

## ဒိုက်ဦး အထက အာစရိယပူဇော်ပွဲ

**ဒိုက်ဦး နိုဝင်ဘာ ၂၉**

ဒိုက်ဦးမြို့ အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ၁၉၄၅ မှ ယနေ့အထိအထက တွင် အနည်းဆုံး ငါးနှစ် တာဝန်ထမ်းဆောင်ခဲ့သည့် အသက် (၆၀)ပြည့် ဆရာကြီး ဆရာမကြီး ၇၄ဦး တို့အား (အထက)အောင်ရတနာခန်းမ၌ ပူဇော်ကန်တော့မည် ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးတင်ရှိန် ဖုန်း–၀၅၂–၄၀၁၂၆၊ ဦးစိန်ဝင်း ဖုန်း–၀၅၂–၄၀၁၄၉၊ ဦးအောင်မြိုင် ဖုန်း–၀၅၂–၄၀၂၀၈၊ ဦးမျိုးမင်း ဖုန်း–၀၅၂–၄၀၀၈၉၊ ဦးမြင့်တင် ဖုန်း–၀၁–၇၂၆၀၉၊ ဦးကြည်မြင့် ဖုန်း–၀၁–၂၅၂၅၄၈၊ ဒေါ်ဌေးဌေးဝင်း ဖုန်း–၀၁–၂၄၀၅၆၆၊ ဒေါ်ခင်စောမူ ဖုန်း–၀၁–၅၂၅၁၄၉၊ ဦးသက်နောင်ဖုန်း–၀၁–၂၂၄၃၄၅၊ ဦးမြတ်သူ ဖုန်း–၀၅၂–၂၂၉၈၅၊ ဦးမောင်မောင်တင်ဖုန်း–၀၈၁–၂၂၂၈၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**



## ဦးပါမောက္ခ (မိုးမိတ်) တရားပွဲများ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်တိုင်း မင်္ဂလာဒုံ မြို့နယ် မဟာမင်္ဂလာ ပရိယတ္တိ စာသင်တိုက် (မဟာနန္ဒိသေနတိုက်ခွဲ)မှ ဦးပါမောက္ခ (မိုးမိတ်)သည် ဒီဇင်ဘာ ၄ရက်၊ ၅ရက်နှင့် ၆ ရက်တွင် ငါန်းဇွန်မြို့နယ် ရွာသစ်ရွာ အလှူတော်မင်္ဂလာ၊ ၁၂နှင့် ၁၃ရက်တွင် ရွာသစ်ရွာတဝဂုဘုရားပွဲ၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မိုးမိတ်မြို့ ရွှေဂူကျောင်းတိုက် ဓမ္မရက္ခိတ သံဃဝါသ ကျောင်းဆောင် ရေစက်ချပွဲ၊ ဖေဖော်ဝါရီ ၁၄နှင့် ၁၅ ရက်တွင် ရွာသစ်ရွာ အလှူတရားပွဲများ၌ တရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်သည်။

ဆရာတော်နှင့် ဆက်သွယ်လိုသူများသည် ဖုန်း – ၀၁–၆၃၆၃၂၄ နှင့် ၀၁–၆၃၆၁၈၄ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

**တောင်သာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စည်ပင်သာယာလမ်း ကတ္တရာလမ်း အဆင့်မြှင့်လုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၀ရက်က အမှုဆောင်အရာရှိ ဦးကြင်အေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ကြည်ကြည်အေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**
(မြို့နယ် ပြန်/ဆက်)



## ဟသ်ာတမြို့၌ မြသစ္စာ စာကြည့်တိုက်ဖွင့်

**ဟသ်ာတ နိုဝင်ဘာ ၂၀**

ဟသ်ာတမြို့ သုံးပင်ကွင်းမြရပ်ကွက် မြသစ္စာ စာကြည့်တိုက်ဖွင့်ပွဲ၊ ပစ္စည်းနှင့် အလှူငွေများပေးအပ်ပွဲကို နိုဝင်ဘာ ၁၄ရက်နံနက် ၈နာရီက မြသစ္စာစာဖတ်အသင်း စာကြည့်တိုက်၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်ဦး၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးအောင်ခင်မြင့်တို့က စာကြည့်တိုက်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

### လှူဒါန်း

ဆက်လက်၍ တာဝန်ရှိသူများက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက ရေဒီယိုကက်ဆက် တစ်လုံး၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ် ၁၀၀ နှင့် အလှူရှင်များက ငွေကျပ် ၂၅၀၀၀ တို့ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌက လက်ခံရယူသည်။

ထို့နောက် စာကြည့်တိုက်ရင်ပြင်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြသည်။ **(ခရိုင် ပြန်/ဆက်)**

## အခမဲ့ကုသပေး

**ကရင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဦးတင်ယုနှင့်အဖွဲ့ အောက်တိုဘာ ၃၀ ရက်က ဘားအံမြို့နယ် ရသေ့ပုံကျေးရွာ ပြည်သူများကို တိုင်းရင်းဆေးဖြင့် အခမဲ့ ကုသပေးစဉ်။**
(ခရိုင်ပြန်/ဆက်)



# မြန်မာ-အိန္ဒိယချစ်ကြည်ရေး မော်တော်ကားမောင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ့တပ်မတော်မှ ကားမောင်းပြိုင်ပွဲဝင် တပ်မတော်သားများအား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တွေ့ဆုံအားပေးစကားပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၃**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၈ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပမည့် မြန်မာ-အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေး မော်တော်ကားမောင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးစိန်သန်း ဦးဆောင်သော မြန်မာ့တပ်မတော်မှ ကားမောင်းပြိုင်ပွဲဝင် တပ်မတော်သားများအား ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ခန်းမ၌ တွေ့ဆုံအားပေးစကားပြောကြားပြီး**(အောက်ပုံ)** ပို့ဆောင်နှုတ်ဆက်သည်။

**တက်ရောက်**

တွေ့ဆုံအားပေးစကားပြောကြားရာသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဗိုလ်မှူးကြီးစိန်သန်း ဦးဆောင်သော မြန်မာ့တပ်မတော်မှ ကားမောင်းပြိုင်ပွဲဝင် တပ်မတော်သားများ တက်ရောက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၃* ❒





**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ကတိုက်ရေလှောင်တမံကို သေသပ်ခိုင်ခံ့စွာတည်ဆောက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်မြင်အောင် ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အင်္ဂဘိုကျေးရွာရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း သုတေသနနှင့် မျိုးပွားခြံသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာနှင့် စက်ရုံမှူးတို့က ဆီအုန်းစိုက်ခင်းမှ ဆီသီးခိုင်ထွက်ရှိမှု၊ ဆီကြိမ်းထုတ်လုပ်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

**ဖြည့်ဆည်းပံ့ပိုး**

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် အထွေထွေမန်နေဂျာများက ဆီအုန်း၊ ဆီသပြေနှင့် သီဟိုဠ်သရက် စိုက်ပျိုးထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးသည်။

ထို့နောက် ဝန်ကြီးသည် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စများ ဆွေးနွေးမှာကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၄* ✻





**ကတိုက်ရေလှောင်တမံ ရေထိန်းမျှော်စင် ကြည့်ရှုစစ်ဆေး**

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပေါင်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော ကတိုက်ရေလှောင်တမံ စီမံကိန်း၏ ရေထိန်းမျှော်စင်ကို ကြည့်ရှုစစ်ဆေးစဉ်။**

(လယ်ယာ/ဆည်မြောင်း)